# ဒသမတန်းစိတ်ကြိုက်မြန်မာစာ

## ဆရာလမ်းညွှန်အမှာစာ

အထက်တန်းအဆင့် စိတ်ကြိုက်မြန်မာစာသင်ရိုးဘာသာရပ်ကို အောက်ပါရည်ရွယ်ချက်များဖြင့် သင်ကြားခြင်းဖြစ်ပါသည်။

၁။ သုတ၊ ရသစကားပြေရေးဖွဲ့ပုံနှင့် အလင်္ကာတန်ဆာဆင်ပုံကို အကဲဖြတ်တတ်စေရန်

၂။ စာပေပုံစံအမျိုးမျိုးတို့ကို လေ့လာသိရှိပြီး ကိုယ်တိုင်ဖန်တီးတတ်စေရန်

၃။ ကဗျာပါအကြောင်းအရာနှင့် ကဗျာဖွဲ့စပ်ပုံကို နားလည်အကဲဖြတ်တတ်စေရန်

၄။ ပြဇာတ်နှင့် ဝတ္ထုတိုတို့၏ သဘောသဘာဝကို သိရှိပြီး ကိုယ်တိုင်ဖန်တီးတတ်စေရန်

၅။ မြန်မာစာပေသမိုင်းကို လေ့လာခြင်းဖြင့် ခေတ်အဆက်ဆက်ဖွံ့ဖြိုးတိုးတက်လာသော မြန်မာစာပေ၏ သမိုင်းစဉ်ကို သိရှိလာစေရန်

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans) နှင့် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words) ဟူ၍ အဓိက အပိုင်း ၃ ပိုင်း ပါရှိသည်။

### ၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများ ပါဝင်သည်။

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုချဲ့ထွင်ပြခြင်း

(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

(င) ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

(စ) စာသင်ခန်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းကို ချဲ့ထွင်ပြခြင်း

(ဆ) အလယ်တန်းနှင့် အထက်တန်းအဆင့်စာသင်ခန်းများအတွင်း လှုပ်ရှားဆောင်ရွက်မှုများကို ချဲ့ထွင်ပြခြင်း

(ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan)

(က) **ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း** – ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါ အဓိကအချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။


- ❖ သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ရှိသည်။
- ❖ ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။
- ❖ ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံရမည့် အခက်အခဲပြဿနာများကို ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများဖန်တီးပေးသည်။
- ❖ ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (problem solving) နှင့် အဆင့်မြင့် ဆန်းစစ်တွေးခေါ်ခြင်း (higher level critical thinking) ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။
- ❖ ဆရာက ကျောင်းသားများအား ရှင်းပြသည်၊ မေးခွန်းများမေးသည်၊ နားထောင်သည်။ ကျောင်းသားများက ဆွေးနွေးကြသည်၊ မေးခွန်းများမေးကြသည်၊ နားထောင်ကြသည်။

(ခ) **ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ** – ထိရောက်သော သင်ကြားသင်ယူမှုတွင် ဆရာနှင့် ကျောင်းသားများအတူတကွ အောက်ပါတို့ကို ဆောင်ရွက်ကြသည်။

- ❖ ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။ ⇨ သင်ခန်းစာအကြောင်းအရာနှင့် အသိပညာ
- ❖ ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြသည်။ ⇨ သင်ကြားနည်းပညာ
- ❖ ပုံမှန်အားဖြင့် ဆရာနှင့် ကျောင်းသားများသည် တိကျရှင်းလင်းသော အကြံပြုချက် (feedback) များကို အပြန်အလှန်ပေးကြသည်။ ⇨ စစ်ဆေးအကဲဖြတ်ခြင်း

**သင်ယူမှုရလဒ်များ (Learning Outcomes)** – သင်ယူမှုအချိန်ကာလတစ်ခုအဆုံး၌ ကျောင်းသားများအား မည်သည့် အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား၊ တန်ဖိုးထားမှုများကိုသိရှိသွားစေရန်၊ နားလည်သွားစေရန်၊ ပြုလုပ်နိုင်စေရန် မျှော်မှန်းထားသည်ကို ရှင်းလင်းစွာအဓိပ္ပာယ်ဖွင့်ဆိုထားသော ဖော်ပြချက်များပါရှိသည် (သင်ခန်းစာအစီအစဉ်များ (Lesson plans) ကိုကြည့်ပါ)။

**(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)-** အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (higher order thinking skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (lesson plans) နှင့် သင်ယူမှုလုပ်ငန်းများ (activities) တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များ ထည့်သွင်းထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကိုဖော်ပြသည့် အဓိကစကားလုံးများ (မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည် အစရှိသည်) ကို ရှာဖွေကြည့်ပါ။




**ဘလွန်းမ်၏ သင်ယူမှုအဆင့်များပြပုံ**

**(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ–** ဆရာသည်သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်းဆန်းစစ်သင့်ပါသည်။

**<u>သင်ခန်းစာအစတွင်</u>** –

- ❖ ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိပညာများကို သင်ယူရရှိသွားမည်နည်း။
- ❖ စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်းမည်နည်း။
- ❖ ဆရာသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။

❖ ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများ သည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများလိုအပ်သနည်း။

❖ သင်ထောက်ကူပစ္စည်းများကို မည်သို့ ရရှိစုစည်းပြီး အသုံးပြုမည်နည်း။

❖ မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

<u>သင်ခန်းစာအလယ်တွင်–</u>

❖ သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ

❖ ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာ အနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ၊ မရှိ

<u>သင်ခန်းစာအဆုံးတွင်–</u>

❖ မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ၊ မရှိ

❖ သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ် စေခဲ့ခြင်း ရှိ၊ မရှိ

❖ အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်ခဲ့သင့်ခြင်း ရှိ၊ မရှိ

❖ ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူ နိုင်ခဲ့ကြသနည်း။

❖ ဆရာ၏သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါသဘောတရားများ နားလည် မှုကို စစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ၊ မရှိ

❖ ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမို ကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

(င) **၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)**- လူငယ်များသည် ရှုပ်ထွေးသောကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘ၀ ခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ C -၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသော ကျွမ်းကျင်မှု များမှာ-

❖ **ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)**- အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း **(Group Work)**- ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန်အားပေးသည်။

❖ **ဆက်သွယ်ပြောဆိုခြင်း (Communication)-** နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း- စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။

❖ **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)-** ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။

❖ **တီထွင်ဖန်တီးခြင်း (Creativity and Innovation)-** အတွေးအခေါ်အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် ဘောင်ခတ်ထားသည့် အခြေအနေမှ ပြင်ပသို့ ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။

❖ **နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship) -** ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းစိတ်ဓာတ် ရှိခြင်းတို့ ဖြစ်သည်။

**(စ) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း–** သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ (Feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက် အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့ သင်ယူရန် လိုအပ်သည်ကိုခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သောသင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

(၁) **စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများပါဝင်သည်–**

❖ **ကျောင်းသားဗဟိုပြုမှု–** ဆရာနှင့်ကျောင်းသားများသည် သင်ကြားရေးထက် သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကို ပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ) မည်သည်ကိုသင်ယူရန် နားလည်ကြသည်။

❖ **ဆရာ၏ဆုံးဖြတ်စီစဉ်မှု–** ဆရာအသီးသီးသည် မည်သည်ကို၊ မည်သို့စစ်ဆေး အကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။

- **ကျောင်းသားများ၏ တက်ကြွသောပါဝင်ဆောင်ရွက်မှု** – ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့ မည်သည့်အရာကို သင်ယူသင့်သည်ကို ပိုမိုနားလည်ကြသည်။ ထို့ပြင် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း (Self-Assessment) တွင်လည်း ပိုမို ကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ၎င်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှုရှိကြောင်း သတိပြုမိသောအခါ သင်ယူလိုစိတ် မြင့်မားလာသည်။

- **သင်ကြားသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း(Formative Assessment)** – သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏သင်ယူမှုတိုးတက်မှု အခြေအနေအကြောင်းကို ဆရာ သိရှိစေရန်အထောက်အထားပေးသည်။ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှသာ ဆရာက ကျောင်းသားများ၏ သင်ယူမှု တိုးတက်စေရန် ကူညီပေးနိုင်မည်ဖြစ်သည်။ ဆရာက ကျောင်းသားများ သင်ယူမှုဆိုင်ရာ အထောက်အထားကို အကောင်းဆုံး မည်သို့မှတ်သားမည်ကို ဆုံးဖြတ်ရန်လိုအပ်သည်။ ရရှိသည့်အထောက်အထားအပေါ် မူတည်၍ ဆရာသည် ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏သင်ကြားမှုကို ကိုက်ညှိနိုင်သည်။ ဆရာများ၏ သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုစွမ်းရည်နှင့် နည်းလမ်းများ ပိုမိုကောင်းမွန် စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး) ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏သင်ယူမှုကို မြှင့်တင်အားပေးနိုင်မည် ဖြစ်သည်။

**(၂) စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ**

- **လေ့လာကြည့်ရှုခြင်း(Observation)** – လက်တွေ့လုပ်ငန်းများ၊ တွေ့ရှိချက်များ တင်ပြခြင်းများအတွက် အုပ်စုလိုက်ပြင်ဆင်ဆောင်ရွက်နေကြစဉ် ၎င်းတို့၏အပြုအမူများအပါအဝင် ကျောင်းသားများအား တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းထားခြင်းဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး)ကိုလည်း လေ့လာကြည့်ရှုပါ။

- **မေးခွန်းများမေးခြင်း(Questioning)** – ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘာလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း)ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ၎င်း၏သင်ကြားမှုကို ချိန်ဆသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သင်ခန်းစာများ သို့မဟုတ်

သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတွင်သာမက စာသင်ကြားစဉ် အချိန်မရွေးဖြစ်ပေါ်နိုင်သည်။

❖ **ကျောင်းသားများ၏ သင်ယူမှုဂျာနယ် (Student Learning Journal)–** ဆရာသည် စဉ်းစားဖြေဆိုရသည့် မေးခွန်းများ (Open-ended Questions) (ဥပမာ- မည်သည်ကို သင်ယူခဲ့ပြီးဖြစ်သည်၊ မည်သည်ကို သင်ယူရန်လိုအပ်နေသေးသည်)ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် အဖြေများရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့ သင်ယူမှုဂျာနယ်ရေးခြင်းကို သင်ခန်းစာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ် သုံးနိုင်သည်။ ထို့ပြင် နောက်သင်ကြားမည့်သင်ခန်းစာ ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ကျောင်းသားများအား ၎င်းတို့သိရှိပြီးသောအကြောင်းအရာများကိုရေးသားစေပြီး သင်ခန်းစာ၏အစတွင် ကျောင်းသားများ၏ ယခင်ရှိပြီးသားဗဟုသုတကိုဆုံးဖြတ်ရန် အသုံးပြုနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ်များကို နမူနာ (ဥပမာ- ၁၀အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ တတ်မြောက်မှုအခြေအနေ သို့မဟုတ် ယခင်ရှိပြီးသားဗဟုသုတကို ချိန်ဆအကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်အပေါ်မူတည်၍ သင်ကြားမှုထိန်းညှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

**(ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့် များကို မြှင့်တင်ပြခြင်း (ကျား–မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)–** အမျိုးသားပညာရေးဥပဒေ (၂၀၁၄) ၌ သင်ရိုးညွှန်းတမ်းသည် မတူကွဲပြား ခြားနားခြင်း (diversity)ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality)ကို အလေးထားသော၊ ဒီမိုကရေစီ အလေ့အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော နိုင်ငံသားကောင်းများ မွေးထုတ်ပေးနိုင်ပြီး တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသောစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် နိုင်ငံတကာ ပညာရေးသင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

❖ အခြေခံစည်းမျဉ်းအနေဖြင့် စာသင်ခန်းများသည် ကျား-မ၊ လူမျိုးစု၊ လူမှုရေး အဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive) စေရန် ဖြစ်သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသားတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကိုထိန်းသိမ်းပြီး အခြားသူများနှင့် မတူကွဲပြားခြားနားမှုကို နားလည် အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာသင်ကြားခွင့်ရစေမည်ဖြစ်သည်။

- နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လှုပ်ရှား ဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ဆရာသည်ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများသည် ကျောင်းသားများတွင်နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါ်ပေါက်ဖွားလာစေမည်ဖြစ်သည်။
- ထို့ပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြုရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသောအခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသော ယဉ်ကျေးမှုနှင့် မတူညီသောလူမျိုးစု နိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ဖြစ်သည်။ ဆရာသည်မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်မှုကိုအားကောင်းစေသည့် အခြားဥပမာများ၊ အခွင့်အလမ်းများကိုရှာဖွေပါ။ ကျောင်းသားအားလုံးကိုတန်ဖိုးထား လေးစားရေးအတွက် ကျောင်းရှိအခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေဆွေးနွေးနိုင်သည်။

**(ဧ) သင်ရိုးမာတိကာ (Syllabus) နှင့်စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်(Year Plan) –** ဒသမတန်း၊ စိတ်ကြိုက်မြန်မာစာဘာသာရပ် သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာခေါင်းစဉ် အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့် ဖော်ပြထားသည်။

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| စကားပြေ<br>(ရသစကားပြေ)<br>၁။ ဝတ္ထုတို | ❖ ဝတ္ထုတို၏ အရသာကို အပြည့်အဝခံစား တတ်ရန်<br>❖ ဝတ္ထုတိုကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရရန်<br>❖ ဝတ္ထုတိုမှရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်ရန်<br>❖ ဝတ္ထုတို၏ သဘောတရားကို သိရန် | ❖ ဝတ္ထုတို၏ အရသာကို အပြည့်အဝ ခံစားတတ်လာမည်။<br>❖ ဝတ္ထုတိုကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့် ရလာမည်။<br>❖ ဝတ္ထုတိုမှရလာသည့် အသိအမြင်ကို တန်ဖိုး ထားတတ်လာမည်။<br>❖ ဝတ္ထုတို၏ သဘောတရား ကို သိလာမည်။ | ❖ ဝတ္ထုတို၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကိုသိရှိပြီး ကိုယ်တိုင်ဖန်တီး ရေးသားလာနိုင်ခြင်း |
| (ရသစကားပြေ)<br>၂။ ပြဇာတ် | ❖ ပြဇာတ်၏အရသာကို အပြည့်အဝ ခံစားတတ်ရန်<br>❖ ပြဇာတ်ကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရရန်<br>❖ ပြဇာတ်မှရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်ရန်<br>❖ ပြဇာတ်၏ သဘောတရားကိုသိရန် | ❖ ပြဇာတ်၏အရသာကို အပြည့်အဝ ခံစား တတ်မည်။<br>❖ ပြဇာတ်ကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရမည်။<br>❖ ပြဇာတ်မှရလာသည့် အသိအမြင်ကို တန်ဖိုး ထားတတ်မည်။<br>❖ ပြဇာတ်၏သဘောတရား ကို သိမည်။ | ❖ ပြဇာတ်စာပေ၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကိုသိရှိပြီး ကိုယ်တိုင်ဖန်တီး ရေးသားလာနိုင်ခြင်း |

| နယ်ပယ်<br>(Strand) | သင်ယူမှု ရည်ရွယ်ချက်များ<br>(Learning Objectives) | သင်ယူမှုရလဒ်များ<br>(Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ<br>(Achievement Indicators) |
|---|---|---|---|
| စကားပြေ (သုတရသစကားပြေ)<br>၁။ ရသစာတမ်း | ❖ ရသစာတမ်း၏ အရသာကို အပြည့်အဝ ခံစားတတ်ရန်<br>❖ ရသစာတမ်းကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရရန်<br>❖ ရသစာတမ်းမှ ရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်ရန်<br>❖ ရသစာတမ်း၏ သဘောတရားကို သိရန် | ❖ ရသစာတမ်း၏ အရသာကို အပြည့်အဝ ခံစားတတ်လာမည်။<br>❖ ရသစာတမ်းကို ခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရလာမည်။<br>❖ ရသစာတမ်းမှရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်လာမည်။<br>❖ ရသစာတမ်း၏ သဘောတရားကို သိလာမည်။ | ❖ ရသစာတမ်း၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကိုသိရှိပြီး ကိုယ်တိုင်ဖန်တီး ရေးသားလာနိုင်ခြင်း။ |
| စကားပြေ (သုတရသစကားပြေ)<br>၂။ အတ္ထုပ္ပတ္တိ | ❖ အတ္ထုပ္ပတ္တိစာပေ၏ အရသာကို အပြည့်အဝ ခံစားတတ်ရန်<br>❖ အတ္ထုပ္ပတ္တိစာပေကို ခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရရန်<br>❖ အတ္ထုပ္ပတ္တိစာပေမှ ရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်ရန်<br>❖ အတ္ထုပ္ပတ္တိစာပေ၏ သဘောတရားကို သိရန်။ | ❖ အတ္ထုပ္ပတ္တိစာပေ၏ အရသာကို အပြည့်အဝ ခံစားတတ်မည်။<br>❖ အတ္ထုပ္ပတ္တိစာပေကို ခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရမည်။<br>❖ အတ္ထုပ္ပတ္တိစာပေမှ ရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်မည်။<br>❖ အတ္ထုပ္ပတ္တိစာပေ၏ သဘောတရားကိုသိမည်။ | ❖ အတ္ထုပ္ပတ္တိစာပေ၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကို သိရှိပြီး မိမိ၏ အတ္ထုပ္ပတ္တိ၊ အခြားသူများ၏ အတ္ထုပ္ပတ္တိတို့ကို ရေးသားလာနိုင်ခြင်း |

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| စကားပြေ<br>(သုတစကားပြေ)<br>၁။ ဆောင်းပါး | ❖ ဆောင်းပါးများမှ သုတကို ထုတ်နုတ်မှတ်သားတတ်ရန်<br>❖ ဆောင်းပါးများ၏ ဗဟုသုတကြွယ်ဝခြင်း တန်ဖိုးကို သိမြင်လာစေရန်<br>❖ ဆောင်းပါးများမှ ဗဟုသုတများကို ရှာဖွေလိုစိတ် ပြင်းပြလာစေရန် | ❖ ဆောင်းပါးများမှ သုတကိုထုတ်နုတ်မှတ်သားတတ်မည်။<br>❖ ဆောင်းပါးများ၏ ဗဟုသုတ ကြွယ်ဝခြင်း တန်ဖိုးကို သိမြင်လာစေမည်။<br>❖ ဆောင်းပါးများမှ ဗဟုသုတများကို ရှာဖွေလိုစိတ် ပြင်းပြလာစေမည်။ | ❖ ဆောင်းပါး၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကို သိရှိပြီး ကိုယ်တိုင် ဖန်တီးရေးသား လာနိုင်ခြင်း |
| စကားပြေ<br>(သုတစကားပြေ)<br>၂။ မှတ်တမ်း | ❖ မှတ်တမ်းများမှ သုတကို ထုတ်နုတ်မှတ်သားတတ်ရန်<br>❖ မှတ်တမ်းများ၏ ဗဟုသုတကြွယ်ဝခြင်း တန်ဖိုးကို သိမြင်လာစေရန်<br>❖ မှတ်တမ်းများမှ ဗဟုသုတများကို ရှာဖွေလိုစိတ် ပြင်းပြလာစေရန် | ❖ မှတ်တမ်းများမှ သုတကို ထုတ်နုတ်မှတ်သားတတ်လာမည်။<br>❖ မှတ်တမ်းများ၏ ဗဟုသုတကြွယ်ဝခြင်း တန်ဖိုးကို သိမြင်လာမည်။<br>❖ မှတ်တမ်းများမှ ဗဟုသုတများကို ရှာဖွေလိုစိတ် ပြင်းပြလာမည်။ | ❖ မှတ်တမ်း၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကိုသိရှိပြီး မှတ်တမ်းကောင်းများ ရေးသားလာနိုင်ခြင်း<br>❖ အလုပ်ကိစ္စများတွင် စနစ်တကျ ဆောင်ရွက်တတ်သော အလေ့အကျင့် ရလာနိုင်ခြင်း |

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| ကဗျာ<br>၁။ လင်္ကာ<br>၂။ အချိုး<br>၃။ အချင်း<br>၄။ ရတု<br>၅။ ယို့ | ❖ ကဗျာကို ဖတ်ရှုခံစား တတ်စေရန်<br>❖ ကဗျာ သဘောတရား များကို နားလည်စေရန်<br>❖ ကဗျာ စပ်နည်းများကို သိရှိပြီး လက်တွေ့ စပ်တတ်စေရန် | ❖ ကဗျာကို ဖတ်ရှုခံစားတတ်လာမည်။<br>❖ ကဗျာ သဘောတရား များကို နားလည်လာမည်။<br>❖ ကဗျာစပ်နည်းများကို သိရှိပြီး လက်တွေ့ စပ်တတ်လာမည်။ | ❖ ကဗျာ့ သဘောသဘာဝနှင့် အင်္ဂါရပ်များကို သိရှိပြီး ကိုယ်တိုင် ဖန်တီး ရေးဖွဲ့လာနိုင်ခြင်း<br>❖ ကဗျာတစ်ပုဒ်တွင် တွေ့ရသော အသံစနစ်၊ ကာရန်စနစ်တို့ကို ကြည့်ပြီး ကဗျာ အမျိုးအစားတို့ကို ခွဲခြားနိုင်ခြင်း |
| စာပေသမိုင်း<br>၁။ ပုဂံခေတ်<br>၂။ ပင်းယခေတ်<br>၃။ အင်းဝခေတ်<br>၄။ တောင်ငူခေတ်<br>၅။ ညောင်ရမ်းခေတ်<br>၆။ ကုန်းဘောင်ခေတ်<br>၇။ ကိုလိုနီခေတ်<br>၈။ လွတ်လပ်ရေးခေတ် | ❖ စာပေခေတ်များကို သိရှိစေရန်<br>❖ ဒသမတန်း ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာများနှင့် ဆက်စပ်သိရှိစေရန်<br>❖ စာပေထွန်းကားရာ ခေတ်နှင့် စာဆို ပေါ်ပေါက်ရာ ခေတ်ကို ယှဉ်တွဲသိရှိ စေရန် | ❖ စာပေခေတ်များကို သိရှိလာမည်။<br>❖ ဒသမတန်း ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာများနှင့် ဆက်စပ်သိရှိလာမည်။<br>❖ စာပေထွန်းကားရာ ခေတ်နှင့် စာဆို ပေါ်ပေါက်ရာခေတ်ကို ယှဉ်တွဲသိရှိလာမည်။ | ❖ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ် တို့တွင် ထွန်းကား ခဲ့သော စာပေ အမျိုးအစားတို့၏ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်ကို တင်ပြလာနိုင်ခြင်း |

**စာသင်နှစ် တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု**

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁ | ၅ | စကားပြေ | ❖ စကားပြေ၏သဘောသဘာဝကိုရှင်းပြခြင်း<br>❖ ရာဇကုမာရ်ကျောက်စာအရေးအသားကို လေ့လာခြင်း<br>❖ ပညာ စကားပြေ၏ အကြောင်းအရာကို ရှင်းပြခြင်း<br>❖ ပညာစကားပြေအရေးအသားကို လေ့လာခြင်း<br>❖ ရှင်မဟာသီလဝံသ၏ ရေးဟန်ကိုလေ့လာခြင်း |
| ၂ | ၁ | ကဗျာဖွဲ့နည်းမိတ်ဆက် | ❖ ကဗျာဖွဲ့နည်းသင်ကြားရခြင်း၏ရည်ရွယ်ချက် |
| | ၁ | ကဗျာ | ❖ ကဗျာ၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုရှင်းပြခြင်း |
| | ၃ | ပြဇာတ်သဘောသဘာဝ | ❖ ပြဇာတ်သဘောသဘာဝနှင့်အင်္ဂါရပ်များကိုရှင်းပြခြင်း<br>❖ ဇာတ်လမ်းသဘောသဘာဝကိုရှင်းပြခြင်း<br>❖ ဇာတ်ဆောင်သဘောသဘာဝ ကိုရှင်းပြခြင်း |
| ၃ | ၂ | ပြဇာတ်သဘောသဘာဝ | ❖ ကာလဒေသနောက်ခံသဘောသဘာဝ ကို ရှင်းပြခြင်း<br>❖ အာလုပ်သဘောသဘာဝကိုရှင်းပြခြင်း |
| | ၃ | ပြဇာတ်ကိုလေ့လာခြင်း | ❖ မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ ပြဇာတ်ကို ပြဇာတ်သဘောသဘာဝများနှင့် ချိန်ထိုးလေ့လာခြင်း<br>❖ မဟော်ကျေးစေခန်းပြဇာတ်ကို ပြဇာတ်သဘောသဘာဝ များနှင့် ချိန်ထိုးလေ့လာပြခြင်း<br>❖ နှစ်သက်ရာပြဇာတ်တစ်ပုဒ်ကို ပြဇာတ်သဘောသဘာဝ များနှင့် ချိန်ထိုးလေ့လာခြင်း |
| ၄ | ၅ | ဆောင်းပါး | ❖ ဆောင်းပါးသဘောသဘာဝ ကိုရှင်းပြခြင်း<br>❖ ဆောင်းပါးအမျိုးအစားကိုရှင်းပြခြင်း<br>❖ ဆောင်းပါးအင်္ဂါရပ်များကိုရှင်းပြခြင်း<br>❖ သဒ္ဒါအထားအသိုနှင့်စာလုံးပေါင်းသတ်ပုံကို လေ့လာခြင်း<br>❖ ရည်ရွယ်ချက်ကိုထောက်ပံ့ပေးသည့် အကြောင်းအရာများကို ရှင်းပြခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၅ | ၁ | အသံ (ကဗျာဖွဲ့နည်း) | ❖ အသံအရည်အသွေးများ ကိုရှင်းပြခြင်း |
| | ၄ | မဟော်ကျေးစေခန်း | ❖ ဦးကြင်ဥ၏အတ္ထုပ္ပတ္တိကိုမိတ်ဆက်ခြင်း<br>❖ ဇာတ်လမ်းရှင်းပြခြင်း<br>❖ အာလုပ်အဖွဲ့များလေ့လာခြင်း<br>❖ ဆိုင်းဆင့်ပတ်တိုက်များကိုလေ့လာခြင်း |
| ၆ | ၅ | ပုဂံခေတ်စာပေသမိုင်း | ❖ ပုဂံအကြောင်းမိတ်ဆက်ခြင်း<br>❖ ပုဂံခေတ်စဉ်ပိုင်းဖြတ်ပုံကိုရှင်းပြခြင်း<br>❖ အုတ်ခွက်စာ၊ စဉ့်ကွင်းစာ၊ မင်စာ၊ ကျောက်စာကို ရှင်းပြခြင်း<br>❖ လက်ာကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းမေးခွန်းများကို ဖြေဆိုခြင်း |
| ၇ | ၁ | ပုဂံခေတ်စာပေသမိုင်း | ❖ နားလည်မှုဆိုင်ရာမေးခွန်းများဖြေဆိုခြင်း |
| | ၄ | ရသစာတမ်း | ❖ ရသစာတမ်း၏သဘောသဘာဝကိုရှင်းပြခြင်း<br>❖ ရသစာတမ်းအင်္ဂါရပ်များကိုရှင်းပြခြင်း<br>❖ စာရေးသူ၏ကိုယ်ရည်ကိုယ်သွေးဖော်ထုတ်ခြင်း<br>❖ အတွေးအမြင်ခံစားမှုများကိုဖော်ထုတ်ခြင်း |
| ၈ | | ပထမနှစ်ဝက်စာမေးပွဲ | |
| ၉ | ၁ | ရသစာတမ်း | ❖ စာရေးသူ၏ခံစားမှုကိုဖော်ထုတ်ခြင်း |
| | ၃ | နရီ | ❖ နရီ၏အဓိပ္ပာယ်ကိုရှင်းပြခြင်း<br>❖ ကဗျာများမှ နရီရှာခြင်း<br>❖ ပုံမှန်၊ အနှေး၊ အမြန် နရီစည်းချက်များရှာခြင်း |
| | ၁ | မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ | ❖ စိန်ခင်မောင်ရီ၏အတ္ထုပ္ပတ္တိကိုမိတ်ဆက်ခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၀ | ၂ | မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ | ❖ ဇာတ်လမ်းနှင့် ဇာတ်ဆောင်ကိုလေ့လာခြင်း<br>❖ ရသများကိုခံစား၍ ဘဝသင်ခန်းစာများကို ဖော်ထုတ်ခြင်း |
| | ၃ | ပင်းယခေတ်စာပေသမိုင်း | ❖ ပင်းယခေတ်အကြောင်း မိတ်ဆက်ခြင်း<br>❖ ပင်းယခေတ်ကျောက်စာများကို ရှင်းပြခြင်း<br>❖ ရတု၊ တျာချင်း၊ ကာချင်း ကဗျာများကို ရှင်းပြခြင်း |
| ၁၁ | ၂ | ပင်းယခေတ်စာပေသမိုင်း | ❖ လေ့ကျင့်ခန်းမေးခွန်းများကို ဖြေဆိုခြင်း<br>❖ အမှား၊ အမှန် ရွေးခြင်း |
| | ၃ | ခရီးသွားမှတ်တမ်း | ❖ ခရီးသွားမှတ်တမ်း၏သဘောသဘာဝကို ရှင်းပြခြင်း<br>❖ ခရီးသွားမှတ်တမ်းအင်္ဂါရပ်များကို ရှင်းပြခြင်း<br>❖ ခရီးသွားမှတ်တမ်းပုံသဏ္ဌာန်များကို ရှင်းပြခြင်း |
| ၁၂ | ၂ | ခရီးသွားမှတ်တမ်း | ❖ ခံစားမှုနှင့်ယှဉ်၍ ရေးသားချက်များကို လေ့လာခြင်း<br>❖ ခရီးသွားမှတ်တမ်းအင်္ဂါရပ်များနှင့် ချိန်ထိုးလေ့လာခြင်း |
| | ၃ | ကာရန် | ❖ ကာရန်ကိုရှင်းပြခြင်း<br>❖ ကဗျာများမှ ကာရန်ရှာခြင်း<br>❖ မှားနေသည့်ကာရန်များကို အမှန်ပြင်ခြင်း |
| ၁၃ | ၅ | ဝတ္ထုတို | ❖ ဝတ္ထုတို၏သဘောသဘာဝနှင့်အင်္ဂါရပ်ကို ရှင်းပြခြင်း<br>❖ အာဘော်၏သဘောသဘာဝကို ရှင်းပြခြင်း<br>❖ ဇာတ်ဆောင်စရိုက်ကို ရှင်းပြခြင်း<br>❖ ကာလဒေသနောက်ခံကို ရှင်းပြခြင်း<br>❖ ဝတ္ထုအရေးအသားကို ရှင်းပြခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၄ | ၃ | ဆောင်ပုဒ်(လင်္ကာ) | ❖ ဆောင်ပုဒ်(လင်္ကာ)၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ ကာရန်ပါသည့်ဆောင်ပုဒ်နှင့် ကာရန်မပါသည့် ဆောင်ပုဒ်ကိုခွဲခြားစေခြင်း<br>❖ ဆောင်ပုဒ်လင်္ကာများမှ နရီကိုရှာခြင်း |
| | ၂ | ဆောင်ပုဒ်(လင်္ကာ) လက်တွေ့ | ❖ ဆောင်ပုဒ်လင်္ကာတစ်ခုဖြစ်အောင် ဖြည့်စွက်ခြင်း<br>❖ ဆောင်ပုဒ်လင်္ကာများကိုရေးသားခြင်း |
| ၁၅ | ၃ | အတ္ထုပ္ပတ္တိစာပေ | ❖ အတ္ထုပ္ပတ္တိစာပေပုံစံများကို ရှင်းပြခြင်း<br>❖ စာရေးသူ၏အတ္ထုပ္ပတ္တိရှင်အပေါ်ထားသည့် ခံစားချက်ကို ဖော်ထုတ်ခြင်း<br>❖ အတ္ထုပ္ပတ္တိရှင်၏စရိုက်သဘာဝများကို လေ့လာခြင်း |
| | ၂ | ပြန်လှန်လေ့ကျင့်ခန်း (ကဗျာဖွဲ့နည်း) | ❖ ကဗျာများ၏ နရီစည်းဝါးကို ရှာခြင်း<br>❖ ကာရန်တူများကို ရှာခြင်း |
| ၁၆ | ၁ | ပြန်လှန်လေ့ကျင့်ခန်း (ကဗျာဖွဲ့နည်း) | ❖ ဆောင်ပုဒ်(လင်္ကာ)ရေးခြင်း |
| | ၄ | သူအိုမကြီး | ❖ စလေဦးပုညအတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်း<br>❖ ဝတ္ထုဇာတ်လမ်းနှင့် အားပြိုင်မှုများကို ရှင်းပြခြင်း<br>❖ သူအိုမကြီး၏စရိုက်ကို လေ့လာခြင်း<br>❖ ဦးပုည၏အာဝဇ္ဇန်းကို လေ့လာခြင်း |
| ၁၇ | ၁ | သူအိုမကြီး | ❖ အထွေထွေသရုပ်ဖော်အဖွဲ့ကို လေ့လာခြင်း |
| | ၃ | သံပေါက်လင်္ကာ | ❖ သံပေါက်ကဗျာ၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ သံပေါက်စပ်နည်းနှင့် ကာရန်စနစ်ကို သင်ကြားခြင်း<br>❖ သံပေါက်ကဗျာမှ ကာရန်ရှာခြင်း |
| | ၁ | သုံးကြောင်းကဗျာ | ❖ သုံးကြောင်းကဗျာစပ်နည်းကို သင်ကြားခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၈ | ၂ | သုံးကြောင်းကဗျာ | ❖ သုံးကြောင်းကဗျာ၏ ကာရန်စပ်နည်းကို သင်ကြားခြင်း<br>❖ ကာရန်၊ ကာရန်ယူပုံစနစ်၊ နရီစည်းဝါးရှာခြင်း |
| | ၃ | အခမဲ့ကူလီထမ်းခြင်း၏ အကျိုး | ❖ ဦးဖိုးကျား၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်းနှင့် ဝတ္ထု၏ ရည်ရွယ်ချက်ကို ရှင်းပြခြင်း<br>❖ ဇာတ်ဆောင်စရိုက်များနှင့် လူ့သဘော၊ လူ့သဘာဝ အဖွဲ့များကို လေ့လာခြင်း<br>❖ အားပြိုင်မှုများနှင့် ဦးဖိုးကျား၏စကားအသုံးအနှုန်းများကို လေ့လာခြင်း |
| ၁၉ | ၅ | အင်းဝခေတ်မြန်မာစာပေ | ❖ အင်းဝခေတ်အကြောင်းမိတ်ဆက်ခြင်း<br>❖ အင်းဝခေတ်စာဆိုများကို မိတ်ဆက်ခြင်း<br>❖ ကျောက်စာ၊ ရာဇဝင်ကျမ်း၊ ဗုဒ္ဓစာပေဝတ္ထုကို ရှင်းပြခြင်း<br>❖ မော်ကွန်း၊ ဧချင်း၊ ရတု၊ ပျို့ကို ရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းမေးခွန်းများကိုဖြေဆိုခြင်း |
| ၂၀ | | ပထမနှစ်ဝက် အခန်းဆုံးစစ်ဆေး | |
| ၂၁ | ၃ | သံချပ် | ❖ သံချပ်၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ သံချပ်ထိုးခြင်း<br>❖ သံချပ်၏ ကာရန်ယူပုံစနစ်ကို ရှာခြင်း |
| | ၁ | လေးလုံးစပ်လင်္ကာ | ❖ လင်္ကာ၏အဓိပ္ပာယ်ကိုရှင်းပြခြင်း |
| | ၁ | လေးလုံးစပ်လင်္ကာ (ကဗျာရွေးချယ်ချက်) | ❖ လေးလုံးစပ်လင်္ကာ၏ကာရန်ယူပုံစနစ်များကို ရှင်းပြခြင်း |
| ၂၂ | ၁ | လေးလုံးစပ်လင်္ကာ (ကဗျာရွေးချယ်ချက်) | ❖ ကာရန်ယူပုံစနစ်နှင့် အချပဒများကိုရှာခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| | ၃ | ပညာတော်သင် | ❖ မောင်အာယု၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်း<br>❖ ကိုလိုနီခေတ်ကြေးမုံ၊ နောက်ခံဝန်းကျင်နှင့် သရုပ်ဖော်အဖွဲ့ကောင်းများကိုလေ့လာခြင်း<br>❖ ရသ ၉ ပါးကို ခံစားခြင်း |
| | ၁ | စာပေသမိုင်းချိတ်ဆက် | ❖ သင်ခန်းစာနှင့်ချိတ်ဆက်သင်ကြားခြင်း |
| ၂၃ | ၃ | အချိုးကဗျာနိဒါန်း | ❖ အချိုးကဗျာအမျိုးအစားများအကြောင်း ရှင်းပြခြင်း<br>❖ ဒွေးချိုးကဗျာစပ်နည်းကို သင်ကြားခြင်း<br>❖ ဒွေးချိုးကဗျာ၏ အခံချိုး၊အအုပ်ချိုး၊ပဒများကို ရှာခြင်း |
| | ၂ | အသံအချီအချ | ❖ ချီသံ၊ ချသံအကြောင်း ရှင်းပြခြင်း<br>❖ ပကတိသံ၊ ချီသံ၊ ချသံကို သင်ကြားခြင်း |
| ၂၄ | ၁ | အသံအချီအချ | ❖ အချိုးကဗျာ၏ချီသံချသံများကို ရှာခြင်း |
| | ၄ | ပြဇာတ်လက်တွေ့ | ❖ ပြဇာတ်ကို အဖွဲ့လိုက် ကပြသရုပ်ဆောင်ခြင်း |
| ၂၅ | ၃ | မိုးဦးကျ | ❖ ကြယ်နီ၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်း<br>❖ နောက်ခံဝန်းကျင်အဖွဲ့နှင့် အားပြိုင်မှုများကို လေ့လာခြင်း<br>❖ အထွေထွေသရုပ်ဖော်အဖွဲ့များနှင့် သရုပ်ဖော်အဖွဲ့များကို လေ့လာခြင်း<br>❖ ရသများကိုခံစားခြင်း |
| | ၂ | ပြန်လှန်လေ့ကျင့်ခန်း (ကဗျာရွေးချယ်ချက်) | ❖ လင်္ကာနှင့် သံပေါက်ကဗျာကိုလေ့ကျင့်ခြင်း<br>❖ သုံးကြောင်းကဗျာနှင့် သံချပ်ကဗျာကိုလေ့ကျင့်ခြင်း |
| ၂၆ | ၁ | ပြန်လှန်လေ့ကျင့်ခန်း (ကဗျာရွေးချယ်ချက်) | ❖ အချိုးကဗျာဖြစ်အောင် ဖြည့်ခြင်း |
| | ၁ | လေးလုံးစပ်လင်္ကာ (ကဗျာဖွဲ့နည်း လက်တွေ့) | ❖ လေးလုံးစပ်လင်္ကာတစ်ပုဒ် လက်တွေ့ရေးဖွဲ့ခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| | ၃ | ရောင်းခါစ | ❖ မင်းရှင်၏အတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်း<br>❖ ဇာတ်လမ်းနှင့် အားပြိုင်မှုများကို လေ့လာခြင်း<br>❖ ဇာတ်ဆောင်စရိုက်အဖွဲ့များနှင့် လူ့သဘောလူ့သဘာဝ များကို လေ့လာခြင်း |
| ၂၇ | ၂ | ရတု | ❖ ရတု၏အဓိပ္ပာယ်နှင့် အမျိုးအစားကို ရှင်းပြခြင်း<br>❖ နေဝင်မြင်သည်ဝရွှေပြည်ရတု၏ အကြောင်းအရာနှင့် အရေးအသားကိုလေ့လာခြင်း |
| | ၂ | ပို့ | ❖ ပို့၏အဓိပ္ပာယ်နှင့် အမျိုးအစားကိုရှင်းပြခြင်း<br>❖ ပုတ္တောဝါဒပို့၏အကြောင်းအရာနှင့် အရေးအသားကို လေ့လာခြင်း |
| | ၁ | ကဗျာလက်တွေ့ | ❖ ပို့၊ ရတုကဗျာများကို ရွတ်ဖတ်ခြင်း |
| ၂၈ | ၅ | ဒုတိယနှစ်ဝက်စာမေးပွဲ | |
| ၂၉ | ၃ | လူရိုးဆိုတာ | ❖ လယ်တွင်းသားစောချစ်၏ အတ္ထုပ္ပတ္တိကို ရှင်းပြခြင်း<br>❖ ဝတ္ထု၏ရည်ရွယ်ချက်နှင့် ဇာတ်လမ်းအတင်အပြကို လေ့လာခြင်း<br>❖ လူ့သဘော၊ လူ့သဘာဝနှင့် ဘဝပြဿနာများကို ဖော်ထုတ်ခြင်း |
| | ၂ | စကားပြေလက်တွေ့ | ❖ အတ္ထုပ္ပတ္တိတစ်ခုကို လက်တွေ့ရေးသားခြင်း<br>❖ ခရီးသွားမှတ်တမ်းတစ်ခုကို လက်တွေ့ရေးသားခြင်း |
| ၃၀ | ၅ | အချိုး | ❖ အချိုးကဗျာများ၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ ဒွေးချိုးအကြောင်း ရှင်းပြခြင်း<br>❖ ဒွေးချိုးကဗျာ၏သင်ခန်းစာများကို ဖြေဆိုခြင်း<br>❖ တြိချိုး၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ တြိချိုးကဗျာ၏ သင်ခန်းစာများကို ဖြေဆိုခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၃၁ | ၄ | အချိုး | ❖ လေးချိုးကဗျာများကို ရွတ်ဖတ်ခြင်း<br>❖ လေးချိုး၏အဓိပ္ပာယ်ကိုရှင်းပြခြင်း<br>❖ လေးချိုးကဗျာ၏ ကာရန်ရှာခြင်း<br>❖ လေးချိုးကဗျာ၏သင်ခန်းစာများကိုဖြေဆိုခြင်း |
| | ၁ | အချိုးကဗျာလက်တွေ့ | ❖ အချိုးကဗျာများကိုရွေးချယ်ခြင်း |
| ၃၂ | ၅ | အချိုးကဗျာလက်တွေ့ | ❖ အချိုးကဗျာများ၏ အချိုးသတ်ကာရန်များကို ရှာစေခြင်း<br>❖ ဒွေးချိုးကဗျာလက်တွေ့စပ်ဆိုခြင်း<br>❖ တြိချိုးကဗျာလက်တွေ့စပ်ဆိုခြင်း<br>❖ လေးချိုးကဗျာလက်တွေ့စပ်ဆိုခြင်း<br>❖ အချိုးတွဲကဗျာလက်တွေ့စပ်ဆိုခြင်း |
| ၃၃ | ၅ | ပြဇာတ်လက်တွေ့ | ❖ အုပ်စုလိုက်ပြဇာတ်ကပြခြင်း<br>❖ အုပ်စုလိုက်ပြဇာတ်ရေးသားခြင်း |
| ၃၄ | ၅ | (ကဗျာဖွဲ့နည်း)<br>ကဗျာလက်တွေ့ | ❖ လင်္ကာကို လက်တွေ့ရေးသားခြင်း<br>❖ ဆောင်ပုဒ်လင်္ကာကို လက်တွေ့ရေးသားခြင်း<br>❖ သံပေါက်ကို လက်တွေ့ရေးသားခြင်း<br>❖ သံချပ်ကို လက်တွေ့ရေးသားခြင်း<br>❖ သုံးကြောင်းကဗျာကို လက်တွေ့ရေးသားခြင်း |
| ၃၅ | ၅ | အရန်စာသင်ချိန် | |
| ၃၆ | ၅ | ဒုတိယနှစ်ဝက် အခန်းဆုံးစစ်ဆေး | |

- ❖ တစ်နှစ်အတွင်းစာသင်ချိန်သီတင်းပတ်ပေါင်း ၃၆ ပတ်
- ❖ တစ်နှစ်အတွင်းစာသင်ချိန်စုစုပေါင်း ၁၈၀ ချိန်
- ❖ လျာထားစာသင်ချိန် ၁၂၃ ချိန်
- ❖ လက်တွေ့လေ့ကျင့်ခြင်းအတွက် လျာထားစာသင်ချိန် ၂၆ ချိန်
- ❖ ပြန်လှန်လေ့ကျင့်ရန် လျာထားစာသင်ချိန် ၆ ချိန်
- ❖ စာမေးပွဲကျင်းပသည့်ရက်များနှင့် အရန်စာသင်ချိန်များ ၂၅ ချိန်

**သင်ခန်းစာအစီအစဉ်များ (Lesson Plans)**

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- **I-T-P-R**)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။ (သင်ခန်းစာကို လိုက်၍ အနည်းငယ် ကွဲပြားနိုင်သည်။)

- **I** သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- **T** သင်ကြားခြင်း (Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့် စကားလုံး
- **P** လေ့ကျင့်ခြင်း (Practice)
- **R** ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

| | | |
|---|---|---|
| **I** | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း (<u>I</u>ntroduction) | မူလတန်းနှင့် အလယ်တန်းတို့တွင်သင်ကြားခဲ့ဖူးသည့် သင်ခန်းစာအချို့ကို ပြန်လည်မေးမြန်းခြင်းဖြင့်လည်းကောင်း၊ စာဆို၏အထ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်းဖြင့်လည်းကောင်း၊ စာဆို၏ စာပေလက်ရာများကို မိတ်ဆက်ခြင်းဖြင့် လည်းကောင်း သင်ခန်းစာကိုနိဒါန်းပျိုးပါ။ |
| **T** | သင်ကြားခြင်း (<u>T</u>each) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |
| **P** | လေ့ကျင့်ခြင်း (<u>P</u>ractice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြု ဖြစ်မည်။ |
| **R** | ပြန်လည်သုံးသပ်ခြင်း (<u>R</u>eview) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း-လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ကာထပ်ကာဖြစ်နိုင်သည်။ ဥပမာ-



- ❖ ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများ သည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများလိုအပ်သနည်း။
- ❖ သင်ထောက်ကူပစ္စည်းများကို မည်သို့ ရရှိစုစည်းပြီး အသုံးပြုမည်နည်း။
- ❖ မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

<u>**သင်ခန်းစာအလယ်တွင်–**</u>

- ❖ သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ
- ❖ ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာ အနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ၊ မရှိ

<u>**သင်ခန်းစာအဆုံးတွင်–**</u>

- ❖ မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ၊ မရှိ
- ❖ သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ် စေခဲ့ခြင်း ရှိ၊ မရှိ
- ❖ အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်ခဲ့သင့်ခြင်း ရှိ၊ မရှိ
- ❖ ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူ နိုင်ခဲ့ကြသနည်း။
- ❖ ဆရာ၏သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါသဘောတရားများ နားလည် မှုကို စစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ၊ မရှိ
- ❖ ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမို ကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

(င) **၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)**- လူငယ်များသည် ရှုပ်ထွေးသောကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝ ခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ C -၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသော ကျွမ်းကျင်မှု များမှာ-

- ❖ **ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)**- အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း **(Group Work)**- ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန်အားပေးသည်။

❖ **ဆက်သွယ်ပြောဆိုခြင်း (Communication)-** နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း- စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။

❖ **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)-** ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။

❖ **တီထွင်ဖန်တီးခြင်း (Creativity and Innovation)-** အတွေးအခေါ် အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် ဘောင်ခတ်ထားသည့် အခြေအနေမှ ပြင်ပသို့ ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။

❖ **နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship) -** ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းစိတ်ဓာတ် ရှိခြင်းတို့ ဖြစ်သည်။

**(စ) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကို ဖြည့်စွက်ပြဋ္ဌာန်းခြင်း–** သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ (Feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက် အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန် လိုအပ်သည်ကိုခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သောသင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

(၁) **စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများပါဝင်သည်–**

❖ **ကျောင်းသားဗဟိုပြုမှု–** ဆရာနှင့်ကျောင်းသားများသည် သင်ကြားရေးထက် သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကို ပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ) မည်သည်ကိုသင်ယူရန် နားလည်ကြသည်။

❖ **ဆရာ၏ဆုံးဖြတ်စီစဉ်မှု–** ဆရာအသီးသီးသည် မည်သည်ကို၊ မည်သို့စစ်ဆေး အကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။

## မြန်မာစာပေသမိုင်း ဆရာလမ်းညွှန် ယေဘုယျလမ်းညွှန်ချက်

**သင်ကြားရေးရည်ရွယ်ချက်**

မြန်မာစာပေသမိုင်းကို သင်ကြားခြင်းသည် မိမိနိုင်ငံ၏သမိုင်း၊ ခေတ်၏ကြေးမုံ၊ ခေတ်၏မှတ်တမ်းများကို သင်ကြားနေခြင်းဖြစ်သည်။ စာပေယဉ်ကျေးမှုတိုးတက်ပြောင်းလဲလာပုံကို လေ့လာခြင်းလည်း ဖြစ်သည်။ ပုဂံခေတ်မှ မျက်မှောက်ကာလတိုင် ပေါ်ပေါက်ခဲ့သောစာပေတို့ကို လေ့လာသင်ယူခြင်းဖြင့် ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သော မြန်မာစာပေကို ခြုံငုံလေ့လာမိစေရန် ရည်ရွယ်ပါသည်။ အခြေခံပညာ အထက်တန်းအဆင့် စိတ်ကြိုက်မြန်မာစာ မြန်မာစာပေသမိုင်းကို သင်ကြားရာတွင် အောက်ပါ ရည်ရွယ်ချက်တို့ကို ပေါက်မြောက်အောင်မြင်စေရန် ဦးတည်သင်ကြားရမည် ဖြစ်ပါသည်။

၁။ မြန်မာစာပေ တိုးတက်ပုံအစဉ်ကို သိစေရန်

၂။ စကားပြေ ကဗျာတို့ကို ဝေဖန်အကဲခတ်နိုင်စေရန်

၃။ စာပေအမျိုးအစားများကို ခွဲခြားသိရှိစေရန်

၄။ ပုဂံခေတ်မှ မျက်မှောက်ခေတ်တိုင် ပေါ်ပေါက်ခဲ့သော စာဆိုများနှင့် စာပုံစံအမျိုးမျိုးကို ဗဟုသုတရရှိစေရန်

**ယေဘုယျလမ်းညွှန်**

ဤသို့ သင်ကြားရာတွင် စိတ်ကြိုက်မြန်မာစာ မြန်မာစာပေသမိုင်းစာအုပ်မှ အမှာစာ၏ ယေဘုယျလမ်းညွှန်ချက်ကို ဖတ်ရှုလေ့လာပြီးခေတ်တစ်ခေတ်ချင်းစီ စာပေအမျိုးအစားအလိုက် သင်ကြားရန်ဖြစ်သည်။

စိတ်ကြိုက်မြန်မာစာ မြန်မာစာပေသမိုင်းစာအုပ်တွင် စာပေခေတ်တို့ကို (၁) ပုဂံခေတ်၊ (၂) ပင်းယခေတ်၊ (၃) အင်းဝခေတ်၊ (၄) တောင်ငူခေတ်၊ (၅) ညောင်ရမ်းခေတ်၊ (၆) ကုန်းဘောင်ခေတ်၊ (၇) ကိုလိုနီခေတ်၊ (၈) လွတ်လပ်ရေးခေတ် ဟူ၍ ခေတ်စဉ်အလိုက် ခွဲခြားစီစဉ်ထားပါသည်။ Grade-10 စိတ်ကြိုက်မြန်မာစာ ကျောင်းသားများအတွက် "ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်" စာပေတို့ကိုလည်းကောင်း၊ Grade-11 စိတ်ကြိုက်မြန်မာစာ ကျောင်းသားများအတွက် "တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်" စာပေတို့ကို လည်းကောင်း၊ Grade-12 စိတ်ကြိုက်မြန်မာစာ ကျောင်းသားများအတွက် "ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးခေတ်" တို့ကိုလည်းကောင်း အတန်းစဉ်အလိုက် ခွဲဝေပိုင်းခြားပြီး လေ့လာသင်ကြားရန်ဖြစ်သည်။

မြန်မာစာပေသမိုင်းကို သင်ကြားပေးရာတွင် မြန်မာစာပေတိုးတက် ဖြစ်ထွန်းမှုလမ်းကြောင်းကို ပေါ်လွင်ထင်ရှားအောင် ဦးတည်သင်ကြားပေးရန် ဖြစ်ပါသည်။ တိုးတက်ဖြစ်ထွန်းမှုလမ်းကြောင်းဟု ဆိုရာ၌-

(၁) ခေတ်လိုအင်အရ ဦးတည်ချက်နှင့် အလေးပေးပုံ သဘောများ ကွဲပြားလာပုံ

(၂) ရေးဖွဲ့သည့် အကြောင်းအရာများ ကျယ်ပြန့်လာပုံ

(၃) စကားပြေဘက်တွင်လည်းကောင်း၊ ကဗျာဘက်တွင်လည်းကောင်း၊ စာပေပုံသဏ္ဌာန်များ တစ်စတစ်စ တိုးပွားလာပုံ

ဟူသော အချက်များကို အာရုံပြု၍ သင်ကြားပေးရန် ဖြစ်ပါသည်။

စာပေသမိုင်းသည် နိုင်ငံသမိုင်းနှင့် ဆက်စပ်နေသည့်အတွက် စာပေသမိုင်း သင်ကြားရာတွင် တစ်ဖက်က ကျောင်းသားများသင်ကြားလေ့လာနေကြသော နိုင်ငံသမိုင်းကိုလည်း နောက်ခံအဖြစ် ဆက်စပ် ခင်းကျင်းသင်ကြားပေးသင့်ပါသည်။

မြန်မာစာပေသမိုင်းကို သင်ကြားပို့ချပေးရာတွင် စိတ်ကြိုက်မြန်မာစာအတွက် အတန်းအလိုက် ပြဋ္ဌာန်းထားသော စကားပြေလက်ရွေးစင်စာအုပ်များ၊ ကဗျာလက်ရွေးစင်စာအုပ်များမှ သင်ခန်းစာများနှင့် ဆီလျော်သလို ချိတ်ဆက်သင်ကြားပေးရပါမည်။ စာပေသမိုင်းတွင် စကားပြေ၊ ကဗျာတို့ကို အမျိုးအစားခွဲခြားကာ တစ်ကန့်စီ တင်ပြထားပါသည်။ ခေတ်တစ်ခေတ်စီအလိုက် ထူးခြားထင်ရှားသော စာပေများ၊ ယင်းစာပေတို့၏ အဓိကအရေးပါသော အချက်များကိုသာ မီးမောင်းထိုးလျက် သင်ကြားသွားမည်ဆိုပါက ကျောင်းသားများ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်နိုင်မည် ဖြစ်သည်။

သင်ကြားရာတွင် မျက်မှောက်ခေတ်၌ တိုးတက်ဖြစ်ပေါ်လာသော သမိုင်းဆိုင်ရာ အချက်အလက်များ (ဥပမာ-ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခြင်း၊ စာပေဗိမာန် စာမူဆုများ၊ အမျိုးသားစာပေဆုများ၊ တစ်သက်တာစာပေဆုများတိုးမြှင့်ပေးအပ်လာခြင်း) ကိုလည်း ဗဟုသုတအဖြစ် ထည့်သွင်းသင်ကြားပေးသင့်ပါသည်။

မူကွဲ၊ ဝါဒကွဲများတွေ့ရှိပါကလည်း မြန်မာစာပေသမိုင်းစာအုပ်တွင် ဖော်ပြထားသည့် အယူအဆအတိုင်းသာ သင်ကြားရန်ဖြစ်ပါသည်။ အခြေခံပညာအထက်တန်း စိတ်ကြိုက်မြန်မာစာကျောင်းသားများသည် "မြန်မာစာပေတိုးတက်လာပုံအစဉ်"ကို မိမိရရသဘောပေါက် နားလည်သိရှိသွားကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

DBEBOX

**တစ်ပုဒ်ချင်းသင်ကြားမှု လမ်းညွှန်**

မြန်မာစာပေသမိုင်းတွင် ခေတ်တစ်ခေတ်စီ၏ မိတ်ဆက်၌ ပါဝင်သော လမ်းညွှန်ချက်အတိုင်း ဦးတည်သင်ကြားရပါမည်။ တစ်ပုဒ်ချင်းစီအလိုက် သင်ကြားရာတွင် တစ်ပုဒ်လျှင် စာသင်ချိန် ၁ ချိန် သတ်မှတ်ပြီး လုပ်ငန်းစဉ် ၂ ရပ်ဖြင့် သင်ကြားရပါမည်။ ထို့နောက် တစ်ပုဒ်ချင်းသင်ကြားရသည့် ရည်ရွယ်ချက်အသီးသီး ပေါက်မြောက်အောင် ပေးထားသည့် သင်ကြားမှု လမ်းညွှန်ချက်များအရ သင်ကြားသွားရန် ဖြစ်ပါသည်။

**တစ်ပုဒ်ချင်း ဆွေးနွေးလေ့ကျင့်မှုလမ်းညွှန်**

ကျောင်းသားများတစ်ပုဒ်ချင်း ကျေကျေညက်ညက်သဘောပေါက်စေရေးအတွက် ဆွေးနွေးလေ့ကျင့်မှုလမ်းညွှန်အဖြစ် မေးခွန်းများပေးထားပါသည်။ တစ်ပုဒ်ချင်းအတွက် ပေးထားသည့် မေးခွန်းများကို ကျောင်းသားများက ဖြေစေခြင်း၊ ဆွေးနွေးစေခြင်းဖြင့် လေ့ကျင့်ရန် ဖြစ်ပါသည်။

**စာအညွှန်းများ**

မြန်မာစာပေသမိုင်း သင်ကြားရာတွင် ဆရာများ ကိုးကားရန်အတွက် စာအညွှန်းများကို စာအမျိုးအစားအလိုက် သို့မဟုတ် အခန်းအလိုက် ဖော်ပြထားပါသည်။ ထိုစာအညွှန်းများကို ရှာဖွေဖတ်ရှု လေ့လာထားခြင်းဖြင့် သက်ဆိုင်ရာ သင်ခန်းစာသင်ကြားရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ဆရာများအနေဖြင့် စာအညွှန်းတွင်ဖော်ပြထားသော စာအုပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဖတ်ရှုလေ့လာထားပြီး သင်ကြားရေးအတွက် အထောက်အကူဖြစ်စေရန် ဖြည့်စွက်ပြင်ဆင်ထားသင့်ပါသည်။

**လေ့လာမှုမှ လေ့ကျင့်မှုသို့**

ကျောင်းသားများအား ခေတ်တစ်ခေတ်စီ၏ စာပေအမျိုးအစားများကို တစ်ကန့်စီအလိုက် သင်ယူလေ့လာပြီးနောက် မိမိလေ့လာမှတ်သားထားသည့် အချက်များကို သင်ခန်းစာများနှင့် ဆက်စပ်မှတ်သား လေ့ကျင့်စေခြင်းဖြင့် သင်ရိုးရည်ရွယ်ချက်နှင့်အညီ ပေါက်မြောက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

**သင်ယူမှုရလဒ်များ**

- “ပုဂံ၊ ပင်းယ၊ အင်းဝ” ခေတ်တို့တွင် ပေါ်ပေါက်ခဲ့သည့် စာဆိုများ၊ စာပေပုံသဏ္ဌာန်များနှင့် ပုဂံခေတ်အရေးအသား၊ အသုံးအနှုန်းများကို သိရှိလာမည်။ မြန်မာစာပေ၏ သမိုင်းကြောင်းနှင့် စာပေဖွံ့ဖြိုးမှုများကို သိရှိပြီး မြန်မာစာပေကို ချစ်မြတ်နိုးလာမည်။
- ပုဂံခေတ်တွင် စကားပြေအဖြစ် အုတ်ခွက်စာ၊ ကျောက်စာ၊ မင်စာ၊ စဉ့်ကွင်းစာနှင့် ပေပုရပိုက်စာများကို တွေ့ရပြီး လင်္ကာကဗျာတို့ကို စတင်တွေ့ရှိရကြောင်း သိရှိလာမည်။ ပင်းယခေတ်တွင်

တိုင်းပြည်မငြိမ်မသက်ဖြစ်နေသည့်အတွက် စာပေများစွာမတွေ့ရကြောင်း၊ စကားပြေအနေဖြင့် ကျောက်စာများတွေ့ရပြီး ကဗျာအနေဖြင့် ရတု၊ တျာချင်းနှင့်ကာချင်းတို့ကို တွေ့ရကြောင်း ရှင်းပြနိုင်မည်။ အင်းဝခေတ်တွင် စာပေလက်ရာ အတော်အသင့်စုံလင်လာပြီး စကားပြေဘက်တွင် ဝတ္ထု၊ ရာဇဝင်ကျမ်းနှင့် မေတ္တာစာများ ပေါ်ထွန်းခဲ့သည်။ ကဗျာဘက်တွင် ပျို့၊ မော်ကွန်း၊ ဧချင်း စသော စာပေအဖွဲ့သစ်များ ပေါ်ထွန်းခဲ့ကြောင်း ရှင်းပြနိုင်မည်။

❖ စာပေကို တန်ဖိုးထားချစ်မြတ်နိုးလာပြီး လက်တွေ့ဘဝတွင် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့်အတူ ဖွံ့ဖြိုးလာသော စာပေအမွေအနှစ်များကို ဆက်စပ်သိမြင်လာမည်။

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

❖ ပုဂံခေတ်၊ ပင်းယခေတ်နှင့် အင်းဝခေတ်တို့တွင် ပေါ်ထွန်းခဲ့သော စာဆိုများနှင့် ၎င်းတို့ ရေးသားခဲ့သော သုတ၊ ရသစာပေများကို ရေးမှတ်ထားသည့် စာကတ်ပြားများ

❖ ဇယားကွက်များ၊ စာချပ်များ၊ ဓာတ်ပုံအထောက်အထားများ

❖ မြန်မာစာပေသမိုင်းနှင့် ချိတ်ဆက်သင်ကြားမည့် စိတ်ကြိုက်မြန်မာစာ ကျောင်းသုံးဖတ်စာပါ သင်ခန်းစာခေါင်းစဉ်များနှင့် ပတ်သက်သည့် အချက်အလက်အထောက်အထားများ

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ သင်ခန်းစာအပိုင်း ၃ ပိုင်းစလုံးတွင်ပါဝင်သော စွမ်းရည် ၄ ရပ် ကျွမ်းကျင်တတ်မြောက်မှုကို အတန်းတွင် လေ့ကျင့်သင်ကြားရင်း စဉ်ဆက်မပြတ် အကဲဖြတ်သွားရန် အထူးအရေးကြီးပါသည်။ စဉ်ဆက်မပြတ် အကဲဖြတ်ရန်အတွက် ဆရာလမ်းညွှန်ပါ စစ်ဆေးအကဲဖြတ်ခြင်းအပိုင်းကို အထူးအလေးထား လုပ်ဆောင်သွားကြရန်လိုအပ်ပါသည်။

**ရရှိလာမည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှု**

❖ ပုဂံခေတ်၊ ပင်းယခေတ်နှင့် အင်းဝခေတ်တို့၏ မြန်မာစာပေသမိုင်းကို အုပ်စုဖွဲ့ဖတ်ခြင်း၊ မေးခွန်းများကို အုပ်စုလိုက်စုပေါင်းအဖြေရှာခြင်း စသည်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှု စွမ်းရည်မြင့်မားလာမည်။

❖ ပုဂံခေတ်၊ ပင်းယခေတ်နှင့် အင်းဝခေတ်တို့၏ မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာမှု သမိုင်းစဉ်ကို သိရှိပြီး အချင်းချင်းအပြန်အလှန် ဆွေးနွေးခြင်းမှ ဆက်သွယ်မှုစွမ်းရည် ရရှိလာမည်။

❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်း၊ အဖြေမှန်ကို စဉ်းစားခြင်းတို့မှတစ်ဆင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည် တိုးတက်လာမည်။

- ပုဂံခေတ်၊ ပင်းယခေတ်နှင့် အင်းဝခေတ်တို့တွင် ထွန်းကားခဲ့သော စာပေအမျိုးအစားများထဲမှ နှစ်သက်ရာ တစ်မျိုးမျိုး၏ စာပေသမိုင်းကြောင်းကို လက်တွေ့ရေးသားခြင်းဖြင့် ဖန်တီးမှုဆိုင်ရာ စွမ်းရည်တို့ကို ရရှိလာမည်။
- သုတစာပေများမှရရှိသော ဗဟုသုတအကြားအမြင်၊ ရသစာပေများမှရရှိသော ဘဝအသိအမြင်များကို အခြေခံ၍ စိတ်ပိုင်းဆိုင်ရာများဖွံ့ဖြိုးတိုးတက်လာပြီးနိုင်ငံသားကောင်းတစ်ယောက် ဖြစ်လာမည်။

DBE BOX

# မြန်မာစာပေသမိုင်း ဆရာလမ်းညွှန်

## ပုဂံခေတ်စာပေသမိုင်း

| | | |
|---|---|---|
| သင်ခန်းစာခေါင်းစဉ် | – | ပုဂံခေတ်စာပေသမိုင်း |
| ရည်ရွယ်ချက် | – | ပုဂံခေတ်တွင် ပေါ်ပေါက်ခဲ့သည့် စာဆိုများ၊ စာပေပုံသဏ္ဌာန်များနှင့် ပုဂံခေတ်အရေးအသား၊ အသုံးအနှုန်းများကို သိရှိစေရန် |
| သင်ယူမှုရလဒ် | – | ပုဂံခေတ်တွင် ပေါ်ပေါက်ခဲ့သည့်စာဆိုများ၊ စာပေပုံသဏ္ဌာန်များနှင့် ပုဂံခေတ်အရေးအသား၊ အသုံးအနှုန်းများကို သိရှိလာမည်။ |
| သင်ကြားနည်း | – | အမေးအဖြေနည်း၊ ဆွေးနွေးအဖြေရှာနည်း၊ ဉာဏ်ဖွင့်စဉ်းစားနည်း |
| သင်ထောက်ကူပစ္စည်း | – | မြေပုံကားချပ်၊ ပုဂံပန်းချီကားများ၊ အုတ်ခွက်ပုံတူများ၊ ကျောက်စာဓာတ်ပုံများ၊ တူရွင်းတောင်နှင့် မြကန်ဓာတ်ပုံများ၊ ပုဂံခေတ် မြန်မာစာပေနှင့်ပတ်သက်သည့် အချက်အလက်များကို မှတ်တမ်းတင်ထားသည့် စာကတ်များ၊ ပုဂံခေတ်စာပေ ကဗျာအချို့ကို ကောက်နုတ် မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ၊ ပုဂံခေတ်သုံး ဝေါဟာရများကို မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ၊ ဖယောင်းပုံစာချပ်များ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – | ၅ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

❖ ပုဂံမြို့တွင် မင်းဧကရာဇ်တို့ ထီးနန်းစိုက်ထူလျက် ပုဂံမြို့တော် ဩဇာအရှိန်အဝါတက်ခဲ့သော ခေတ်ကို ပုဂံခေတ်ဟုခေါ်ကြောင်း၊ ပုဂံခေတ်စာပေသမိုင်းသည် ခရစ်နှစ် ၁၀၄၄ မှ ၁၂၈၇ အထိ နှစ်ပေါင်း ၃၀၀ ကာလအတွင်း ထွန်းကားခဲ့သော စာပေများအကြောင်းကိုဖွင့်ဆိုထားခြင်းဖြစ်ကြောင်း နိဒါန်းပျိုးပါ။



DBE BOX

❖ ပုဂံခေတ်ကို "ခေတ်ဦးကာလ၊ ခေတ်လယ်ကာလ၊ ခေတ်နှောင်းကာလ" ဟူ၍ ကာလအပိုင်းအခြား ခွဲခြားသတ်မှတ်ထားကြောင်းပြော၍ သင်ကြားခြင်းကို နိဒါန်းပျိုးပါ။

❖ ပုဂံခေတ်စာဆိုများနှင့် ၎င်းတို့၏ စာပေလက်ရာများကို အောက်ပါအတိုင်း စာကတ်ပြားဖြင့်ရှင်းပါ။

| စာပေ | အမျိုးအစား |
|---|---|
| စကားပြေ | ကျောက်စာ၊ အုတ်ခွက်စာ၊ စဉ့်ကွင်းစာ၊ မင်စာ |
| ကဗျာ | လင်္ကာ |

❖ ဆရာက ကျောင်းသားများအား ပုဂံခေတ် မြန်မာစာပေသမိုင်းနှင့်ပတ်သက်ပြီး ခေတ်စဉ်အလိုက် ပိုင်းခြားထားပုံ၊ စာပေအမျိုးမျိုးထွန်းကားခဲ့ပုံတို့ကို မှတ်စုစာအုပ်၌ မှတ်ပါစေ။

**ရှင်းပြခြင်း**

❖ ပုဂံခေတ်၏ ခေတ်စဉ်အလိုက်ပိုင်းဖြတ်ပုံကို

၁။ ခေတ်ဦးကာလ (ခရစ်နှစ် ၁၀၄၄ မှ ၁၁၁၂ အထိ)

၂။ ခေတ်လယ်ကာလ (ခရစ်နှစ် ၁၁၁၃ မှ ၁၁၇၄ အထိ)

၃။ ခေတ်နှောင်းကာလ (ခရစ်နှစ် ၁၁၇၄ မှ ၁၃၂၇ အထိ)

ဟူ၍ ကာလပိုင်းခြားသတ်မှတ်ကြောင်းရှင်းပါ။

❖ ခရစ်နှစ် ၁၁၁၂ ခုနှစ်အထိသည် ခေတ်ဦးကာလဖြစ်သည်။ ထိုနှစ်အထိကို ခေတ်ဦးကာလအဖြစ် သတ်မှတ်ရခြင်းမှာ ထိုနှစ်ပတ်ဝန်းကျင်တွင် ရာဇကုမာရ်ကျောက်စာကို ရေးထိုးခဲ့သောကြောင့်ဖြစ်ကြောင်းရှင်းပါ။

❖ ပုဂံခေတ်လယ်ကာလမှာ ခရစ်နှစ် ၁၁၁၃ ခုနှစ် မှ ခရစ်နှစ် ၁၁၇၄ ခုနှစ် အထိ နှစ်ခြောက်ဆယ်ကျော်ကာလဖြစ်ကြောင်းရှင်းပါ။

❖ ခေတ်ဦးက အရှိန်အဝါကြီးခဲ့သော မွန်စာပေအရေးအသားတန့်သွား၍ မြန်မာစာပေ အရေးအသား ထွန်းကားစပြုလာသော ကာလဖြစ်ကြောင်းရှင်းပါ။

❖ လောကထိပ်ပန်ဂူဘုရားတွင် တွေ့ရသည့် ဇာတ်ကြီးဆယ်ဘွဲ့ မင်စာများ၌ မွန်ဝေါဟာရအနည်းအကျဉ်းသာတွေ့ရပြီး မြန်မာဘာသာက ပိုမိုများပြားနေကြောင်းရှင်းပါ။

❖ ၁၁၇၄ ခုနှစ်မှ ခရစ်နှစ် ၁၃၂၇ ခုနှစ်အထိ နှစ်ပေါင်း ၁၅၀ ကျော် ကာလသည် ခေတ်နှောင်းကာလဖြစ်ကြောင်းရှင်းပါ။



DBE BOX

- ခရစ်နှစ် ၁၁၇၄ ခုနှစ် နရပတိစည်သူမင်း လက်ထက်တွင် မြန်မာစာပေ အရှိန်ရလာကြောင်း၊ နရသီဟပတေ့မင်း နန်းတက်ပြီးနောက်ပိုင်း ခရစ်နှစ် ၁၂၈၇ ခုနှစ် ပုဂံပြည် ပျက်သုဉ်းသည်အထိ မြန်မာစာကိုသာ အများဆုံးအသုံးပြုကြကြောင်းရှင်းပါ။
- ထိုသို့ မြန်မာစာပေ ဖြစ်ထွန်းတိုးတက်လာပုံကို ကာလအပိုင်းအခြားနှင့်တကွ လေ့လာနိုင်ကြောင်း ရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

- ပုဂံမြို့သည် မြန်မာနိုင်ငံ၏ မည်သည့်တိုင်းဒေသကြီးတွင်တည်ရှိကြောင်း၊ နိုင်ငံခြားခရီးသွားတို့ အများအပြားလာရောက်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုက အသိအမှတ်ပြုခဲ့ကြောင်းကို သိရှိပါသလားဟု အချင်းချင်း အမေးအဖြေလုပ်ပါစေ။
- ပုဂံဒေသကို ထိန်းသိမ်းတန်ဖိုးထားတတ်ရန်လိုကြောင်း အချင်းချင်းပြောဆိုဆွေးနွေးရန် အကြံပြုလမ်းညွှန်ပါ။ စာကိုး၊ အထောက်အထားများရှာတတ်ရန် လေ့ကျင့်ပေးပါ။
- မြန်မာနိုင်ငံ မြေပုံကားချပ်ကိုပြပြီး ပုဂံမြို့၏တည်နေရာကို ရှာပါစေ။
- ကျောက်စာဓာတ်ပုံများ၊ အုတ်ခွက်ဘုရားဓာတ်ပုံများ၊ မင်စာဓာတ်ပုံများ၊ ပုဂံဘုရားပုံများ စသည်တို့ကို ပြပြီး မြင်ဖူးပါသလားဟု မေးပါ။ ထို့နောက် ကျောက်စာ၊ အုတ်ခွက်စာ၊ မင်စာ ဓာတ်ပုံများကို ပြပြီး ကျောင်းသားတစ်ဦးချင်းအား မည်သည့်ပုံများဖြစ်ကြောင်း မေးခွန်းမေးပါ။ မသိလျှင် ဆရာကရှင်းပါ။
- ဆရာက ကျောင်းသားများအား ပုဂံခေတ်မြန်မာစာပေသမိုင်း နိဒါန်းပိုင်းကို ဖတ်ပါစေ။
- ဆရာက ကျောင်းသားများအား ပုဂံခေတ် မြန်မာစာပေသမိုင်းနှင့်ပတ်သက်ပြီး ခေတ်အစဉ်ပိုင်းခြားထားပုံ၊ စာပေအမျိုးမျိုးထွန်းကားခဲ့ပုံတို့ကို ရေးမှတ်ပါစေ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ပုဂံရောက်ဖူးပါသလား။ ဘယ်တုန်းကလဲ။

(၂) ပုဂံခေတ်ဟာ ဘယ်ကာလအပိုင်းအခြားဖြစ်မလဲ။ နှစ်ပေါင်းဘယ်လောက် ကြာသလဲ။

(၃) ပုဂံခေတ်ကို စာပေသမိုင်းအရ ကာလအပိုင်းအခြားအနေနဲ့ ဘယ်လိုပိုင်းခြား သတ်မှတ်ထားသလဲ။

(၄) ပုဂံခေတ်မှာ အများဆုံးတွေ့ရှိရတဲ့ စာပေအမျိုးအစားကိုပြောပါ။

(၅) ပုဂံခေတ်မှာ ဘယ်လိုစာပေတွေ ထွန်းကားခဲ့သလဲ။

## စာသင်ချိန် ၂

### လုပ်ငန်းစဉ် ၁

### နိဒါန်းပျိုးခြင်း

❖ ယခုစာသင်ချိန်တွင် အုတ်ခွက်စာ၊ စဉ့်ကွင်းစာနှင့် မင်စာတို့အကြောင်းကို ရှင်းပြပေးမည်ဖြစ်ကြောင်း ပြောပြ၍ နိဒါန်းပျိုးပါ။

| စာပေ | အမျိုးအစား | စာအမည် | တည်နေရာ |
|---|---|---|---|
| စကားပြေ | အုတ်ခွက်စာ | အနော်ရထာမင်းအုတ်ခွက်စာ | မြန်မာနိုင်ငံအနှံ့အပြား |
| | စဉ့်ကွင်းစာ | ဇာတ်ကြီးဆယ်ဘွဲ့စဉ့်ကွင်းစာ | အာနန္ဒာစေတီ |
| | မင်စာ | လောကထိပ်ပန်မင်စာ | လောကထိပ်ပန်ဘုရား |

❖ ရာဇကုမာရ်ကျောက်စာမတိုင်မီ ၁၁ ရာစုအတွင်းက ရေးခဲ့မည်ဟု မှန်းဆရသည့် အုတ်ခွက်စာအချို့ကိုတွေ့ရကြောင်း မိတ်ဆက်ပါ။

❖ အုတ်ခွက်ဘုရားများ၏ ကျောဘက်နှင့်အောက်ခြေတွင် ရေးထိုးထားသောစာကို အုတ်ခွက်စာဟုခေါ်ကြောင်း မိတ်ဆက်ပါ။

❖ ဘုရားဂူကျောင်းနံရံတို့တွင် အင်္ဂတေဖြင့် ပုံဖော်ထားသော ရုပ်ကြွများကို စဉ့်ကွင်းဟုခေါ်ကြောင်း၊ ထိုရုပ်ကြွများ၏အောက်တွင် ရေးထိုးထားသောစာကို စဉ့်ကွင်းစာဟုခေါ်ကြောင်း မိတ်ဆက်ပါ။

❖ မင်စာဆိုသည်မှာ မည်သို့သောစာမျိုးကိုခေါ်ကြောင်းမေးပါ။

❖ မင်စာဆိုသည်မှာ ဘုရားပုထိုးများ၏နံရံ ရေးဆွဲထားသော ငါးရာ့ငါးဆယ်၊ ဇာတ်ကြီးဆယ်ဘွဲ့၊ ဗုဒ္ဓဝင်တို့တွင်ပါသော ဇာတ်ကွက်များ၏အောက်၌ ကြာရှည်ခံမင်ဖြင့် ရေးသားထားသည့် ဇာတ်ညွှန်းစာများဖြစ်ကြောင်းရှင်းပါ။



DBE BOX

❖ ကျောက်စာများနည်းတူ မင်စာများသည်လည်း ရှေးကျသော မြန်မာစာပေအရေးအသားများ ဖြစ်ကြောင်း ကျောင်းသားများကို မင်စာနှင့်ပတ်သက်၍ မိတ်ဆက်ပါ။

**ရှင်းပြခြင်း**

❖ ပုဂံခေတ်ဦးတွင် မြေစေး၊ ရွှံ့စေးဖြင့် အုတ်ခွက်ပြားများလုပ်ကြကြောင်း၊ အုတ်ခွက်ဘုရားများ၏ အောက်ခြေနှင့် ကျောဘက်တို့တွင် စာတိုကလေးများရေးတတ်ကြကြောင်း ရှင်းပါ။

❖ အနော်ရထာမင်းပူဇော်ခဲ့သော အုတ်ခွက်ဘုရားများကို ယခုထက်တိုင် မြန်မာနိုင်ငံ အနှံ့အပြား၌ တွေ့နိုင်သေးကြောင်း ရှင်းပါ။

❖ စဉ့်ကွင်းဆိုသည်မှာ ဘုရားဂူကျောင်းနံရံတို့တွင်တွေ့ရတတ်သည့် အင်္ဂတေရုပ်ကြွပုံဖော်အကွက် များဖြစ်ကြောင်း၊ ယင်းစဉ့်ကွင်း၏အောက်တွင် ရေးထိုးသောစာကို စဉ့်ကွင်းစာဟု ခေါ်ကြောင်း ရှင်းပါ။

❖ စဉ့်ကွင်းစာများသည် အများအားဖြင့် ငါးရာ့ငါးဆယ်ဇာတ်လမ်းများနှင့် ထူးခြားသည့်ဇာတ်ကွက် များကို သရုပ်ဖော်ကြကြောင်းရှင်းပါ။

❖ ကျန်စစ်သားမင်းတည်ထားကိုးကွယ်သော အာနန္ဒာဘုရားတွင် ဇာတ်ကြီးဆယ်ဘွဲ့စဉ့်ကွင်း များကိုတွေ့နိုင်ကြောင်း၊ ယင်းစဉ့်ကွင်းများအောက်တွင် မွန်ဘာသာဖြင့် သရုပ်ဖော်စာရေးထား ကြောင်း ရှင်းပါ။

❖ မင်စာမှာ ဘုရားဂူကျောင်းနံရံတို့တွင် မင်ဖြင့်ရေးထားသည့် စာပင်ဖြစ်ကြောင်း၊ အချို့မင်စာ တို့မှာ နှစ်ကျိပ်ရှစ်ဆူဘုရားတို့၏ ဗုဒ္ဓဝင်အကြောင်းဖြစ်ကြောင်းနှင့် အချို့မှာ ငါးရာ့ငါးဆယ် ဇာတ်လမ်းဖြစ်ကြောင်းရှင်းပါ။

❖ အချို့မင်စာတို့မှာ စာသက်သက်သာဖြစ်၍ အချို့မှာ ရုပ်ပုံသရုပ်ဖော်စာများဖြစ်ကြောင်း၊ ပုဂံခေတ်ဦးပိုင်းတွင် မွန်မင်စာ အများအပြားရေးခဲ့ကြကြောင်း၊ ခေတ်လယ်ပိုင်းနှင့် ခေတ်နှောင်း ပိုင်းတွင်မူ ပါဠိမင်စာ၊ မြန်မာမင်စာတို့ကိုသာ အများအပြားတွေ့ရကြောင်းရှင်းပါ။

❖ ပုဂံခေတ်လောကထိပ်ပန် ဂူဘုရားအတွင်းနံရံတွင် ဇာတ်တော်ကြီးဆယ်ဘွဲ့ကို ပန်းချီရေးဆွဲ သရုပ်ဖော်ပြီး ပုံအညွှန်းမင်စာများနှင့် မှတ်တမ်းတင်ထားကြောင်း၊ လောကထိပ်ပန်မင်စာများမှာ ယခုထိတွေ့ရသမျှ မင်စာများထဲတွင် အစောဆုံးဖြစ်ကြောင်း၊ ထိုမင်စာများသည် ဇာတ်တော်ကြီး ဆယ်ဘွဲ့ကို မှတ်တမ်းတင်ထားသော မင်စာများဖြစ်ကြောင်းရှင်းပါ။

❖ ပုဂံခေတ်စကားပြေတွင် မင်စာကို ပြေပြစ်သောစကားပြေဖြစ်အောင် အားထုတ်ခဲ့ကြပုံကို သတိပြုနိုင်ကြောင်း လမ်းညွှန်ရှင်းပါ။

- ❖ ပုဂံခေတ်လယ်လက်ရာဖြစ်သော လောကထိပ်ပန်ဘုရားတွင်ရှိသည့် သုဝဏ္ဏသာမဇာတ်မင်စာတွင် မျက်မမြင်အမိအဖတို့အား နွယ်ကြိုးကိုကိုင်စေပြီး ကျောင်းသခ်မ်းရှိရာသို့ သုဝဏ္ဏသာမ သတို့သားက ရှေ့ကတွဲယူခေါ်ငင်သွားရသည်ကို"ဘုရားလောင်းလည်း နွယ်ကမ်းပေးပြီး သခ်မ်းသွေးလတ်၏။" ဟု အနှစ်ချုပ်ရေးသားထားကြောင်း ကျောင်းသုံးစာအုပ်ပါ သာဓကများနှင့် တကွရှင်းပါ။
- ❖ အနှစ်ချုပ်ရေးသားကြခြင်းမှာ ပုံညွှန်းစာဖြစ်ခြင်း၊ မင်စာရေးထိုးရသောနေရာ အနေအထား ကျဉ်းမြောင်းခြင်းတို့ကြောင့်ဖြစ်နိုင်ကြောင်းနှင့် ပုဂံသားတို့၏အနှစ်ချုပ်စွမ်းရည်ကို သိရှိနိုင်ကြောင်း ကျောင်းသားများကို အတွေးဖွင့်ပေးပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

- ❖ ဆရာက ကျောင်းသားများကို နှုတ်ဖြေမေးခွန်းများမေးခြင်းဖြင့် လေ့ကျင့်ပါ။
- ❖ နှုတ်ဖြေမေးခွန်းဖြေဆိုရန် ဦးစွာ ကျောင်းသားများကို အရေအတွက် အနည်းအများအပေါ် မူတည်ပြီး အုပ်စုဖွဲ့ပါ။
- ❖ နှုတ်ဖြေမေးခွန်းမေးသည့်အခါ အုပ်စုအားလုံးကို ဖြစ်စေ၊ အုပ်စုတစ်စုချင်းကို ဖြစ်စေ၊ တစ်ဦးချင်း အလိုက်ဖြစ်စေ မေးမြန်းပါ။ လိုအပ်သည့်အခါ ဆရာက ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) အုတ်ခွက်စာဆိုတာ ဘယ်လိုစာမျိုးကိုခေါ်တာလဲ။

(၂) အုတ်ခွက်ဘုရားတွေကို ဘယ်မင်းလက်ထက်ကတည်းက တွေ့ရသလဲ။

(၃) စဉ့်ကွင်းစာဆိုတာ ဘယ်လိုစာမျိုးကို ခေါ်တာလဲ။

(၄) မင်စာလို့ ဘာကြောင့်ခေါ်တာလဲ။

(၅) လောကထိပ်ပန် မင်စာတွေဟာ ဘာအကြောင်းတွေကိုရေးထိုးထားတဲ့မင်စာတွေ ဖြစ်သလဲ။

(၆) မင်စာရေးသားသူတွေက မင်စာစကားပြေကို ဘယ်လို စကားပြေမျိုးဖြစ်အောင် အားထုတ်ခဲ့ကြသလဲ။

(၇) မင်စာတွေကို ဘာကြောင့် အနှစ်ချုပ်ရေးသားကြတာလဲ။ သင်ရဲ့အမြင်နဲ့ ရှင်းပါ။

(၈) မင်စာတွေကို အနှစ်ချုပ်ရေးသားတာဟာ "ပုဂံသားတို့ရဲ့ အနှစ်ချုပ်စွမ်းရည်ကို ဖော်ပြတယ်" ဆိုတဲ့ အဆိုကို သင်ဘယ်လိုမြင်သလဲ။

DBE BOX

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

❖ ယခုစာသင်ချိန်တွင် ကျောက်စာစကားပြေအကြောင်းကို သင်ကြားရမှာဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ကျောက်စာဆိုသည်မှာ "ကျောက်သားပေါ်တွင် ထွင်းထုရေးသားထားသောစာ" ဖြစ်ကြောင်း၊ ဇယားကွက်တွင်ဖော်ပြထားသော ကျောက်စာတို့ကို မိတ်ဆက်ပေးမည်ဖြစ်ကြောင်း ပြောပါ။

| စာပေ | အမျိုးအစား | ကျောက်စာအမည် | ကျောက်စာရေးထိုးသူ |
|---|---|---|---|
| စကားပြေ | ကျောက်စာ | ရာဇကုမာရ် | ရာဇကုမာရ် |
| | | အာမနာကျောင်း | သိင်္ဃသူသမီး |
| | | မင်းဝိုင်းကျောင်း | မိဖုရားဖွားစော |
| | | ကျစွာမင်းအမိန့်တော်ပြန်တမ်း | ကျစွာမင်းကြီး |
| | | ကျစွာမင်းမိထွေးတော် | ကျစွာမင်းမိထွေးတော် |

❖ ပုဂံခေတ် မြန်မာကျောက်စာများတွင် ရာဇကုမာရ်ကျောက်စာ၊ မိဖုရားဖွားစောကျောက်စာ စသော အလှူမှတ်တမ်းကျောက်စာများတွေ့ရကြောင်းနှင့် မိမိပြုသောအလှူကို စနစ်တကျ အစီအမံများ ပြုလုပ်လှူဒါန်းသောအလေ့၊ မှတ်တမ်းတင်သောအလေ့များ တွေ့ရကြောင်း မိတ်ဆက်ပါ။

❖ ကျောက်စာအများစုသည် အလှူမှတ်တမ်းကျောက်စာများဖြစ်ကြောင်း၊ မိမိတို့၏ ဒါနအကြောင်းကို နှောင်းလူတို့သိစေလိုသည့်အတွက်ကြောင့်လည်းကောင်း၊ မိမိအလှူကို ထိပါးဖျက်ဆီးလိုစိတ်ကင်းစေလိုသည့်အတွက်ကြောင့်လည်းကောင်း အလှူရှင်တို့သည် ကျောက်စာရေးထိုးစိုက်ထူခဲ့ကြခြင်းဖြစ်ကြောင်း အတွေးဖွင့်ပေးပါ။

❖ အလှူပြုသော ရည်ရွယ်ချက်အမျိုးမျိုးရှိသော်လည်း အလှူမှတ်တမ်းတင်ခြင်း၊ အမျှဝေခြင်း၊ ဆုတောင်းခြင်း၊ ကျိန်ဆိုခြင်းဟူသော ရေးထိုးမှတ်တမ်းတင်ပုံမှာ အခြေခံအားဖြင့် တူညီကြောင်း ပြောပါ။

**ရှင်းပြခြင်း**

- ❖ ကျောက်စာတစ်ချပ်တွင် (၁) အလှူပြုသည့်နှစ်၊ (၂) အလှူရှင်၊ (၃) အလှူအကြောင်းအရာ၊ (၄) အလှူပစ္စည်း၊ (၅) ဆုတောင်း၊ (၆)အမှူဝေနှင့် (၇) ကျိန်စာဟူ၍ အင်္ဂါရပ်များ ပါဝင်ကြောင်း ပြောပါ။
- ❖ ကျောင်းသားများအား "ရာဇကုမာရ်ကျောက်စာကို သိကြသလား"ဟု မေးပါ။
- ❖ ရာဇကုမာရ်ကျောက်စာကို ကျောင်းသားများနှင့် မိတ်ဆက်ပါ။
- ❖ ရာဇကုမာရ်ကျောက်စာသည် ပုဂံခေတ်ဦးကာလ၏ မှတ်တိုင်ဖြစ်ကြောင်း၊ အရေးအသားမှာ ရှေးကျကြောင်း၊ ဝါကျတိုများသုံးပြီး လိုရင်းအဓိပ္ပာယ်ရောက်အောင် ရေးသားထားခြင်းဖြစ်ကြောင်း ရှင်းပါ။
- ❖ ရာဇကုမာရ်ကျောက်စာမတိုင်ခင် ၁၁ ရာစုအတွင်းက ရေးခဲ့မည်ဟုမှန်းဆရသော အုတ်ခွက်စာအချို့၊ ကျောက်စာအချို့ကိုလည်း တွေ့ရကြောင်းရှင်းပါ။
- ❖ ပုဂံမြို့သက်စိုးတောင်ပေါ်ရှိ ပေါ်တော်မူဘုရားတွင်တွေ့ရသည့် ကျောက်စာ၌ ရေးထိုးထားသော အက္ခရာမှာ မန်ကျည်းစေ့ ပုံသဏ္ဌာန်ဖြစ်သည့်အတွက် ရာဇကုမာရ်ကျောက်စာထက် နှစ်ပေါင်း ၇၀ ကျော် စောမည်ဟု ပညာရှင်တို့ ဆိုကြကြောင်းရှင်းပြပါ။ မျက်မှောက်ခေတ်မှာလည်း စောလူးမင်းကျောက်စာကို တူးဖော်တွေ့ရှိထားပြီဖြစ်ကြောင်း ရှင်းပါ။
- ❖ မြန်မာစာအရေးအသား မြင့်မားတိုးတက်ပြောင်းလဲလာခြင်း၊ အသုံးအနှုန်းကောင်းများ၊ အလင်္ကာအဖွဲ့များ ပါဝင်လာကြောင်း၊ သက္ကရာဇ် ၆၂၈ ခု အာမနာကျောင်းကျောက်စာတွင် သိယ်သူ့သမီး၏ ဆုတောင်းစာများကို ဖတ်ရှုရသည့်အခါ မြန်မာစာအရေးအသား တိုးတက်လာခြင်းကို သိနိုင်ကြောင်း၊ သက္ကရာဇ် ၆၃၃ ခု မင်းဝိုင်းကျောင်းကျောက်စာ(ဖွားစောကျောက်စာ)တွင် ငါ -ငါ ဟူသော ဗုဒ္ဓဘာသာ၏ ဆန့်ကျင်ဘက်ဖြစ်သည့် အတ္တသံ၊ မာနသံများရောစွက်နေသည်ကို တွေ့ရကြောင်း၊ ကျစွာမင်း အမိန့်တော်ပြန်တမ်း ကျောက်စာသည် နိုင်ငံတော်အေးချမ်းမှုအတွက် စီမံချက်တစ်ရပ်အဖြစ် ရေးထိုးခဲ့သည့် ကျောက်စာဖြစ်ကြောင်း၊ ဥပဒေကို မထီမဲ့မြင် ကျူးလွန်သူများသည် မျက်မှောက်ဘဝ တမလွန်ဘဝများတွင် မည်ကဲ့သို့ အပြစ်ဒဏ်များ ခံကြရကြောင်း၊ မည်ကဲ့သို့ ဆင်းရဲဒုက္ခများ ရောက်ကြကြောင်းကို ထိတ်လန့်ကြောက်ရွံ့ဖွယ် သရုပ်ပေါ်လွင်အောင် ရေးသားနိုင်စွမ်းရှိကြောင်း ရှင်းပါ။
- ❖ အရေးအဖွဲ့အနေဖြင့် ကြည့်လျှင်လည်း လုံးချင်းကြိယာများကို အသုံးပြုပြီး အသံသာအောင်၊ နားဝင်ချိုအောင် ရေးဖွဲ့သွားပုံကိုလည်း "အိမ်လည်းငါနေ၏။ ကျွန်လည်းငါစေ၏။"ဟူ၍ ကျစွာမင်း မိထွေးတော်ကျောက်စာတွင်တွေ့ရကြောင်း ရှင်းပါ။

- ❖ ပုဂံခေတ်ထိုးကျောက်စာများတွင် မျက်မှောက်ခေတ်နှင့်မတူသည့် အသုံးအနှုန်းများကိုလည်း အကျိုးများဖွယ် လေ့လာတွေ့ရှိနိုင်ကြောင်း၊ ပုဂံခေတ်တွင် သက္ကတ၊ ပါဠိ၊ မွန်စသော ဘာသာစကားများကို

    "သဗ္ဗညုတဉာဏ်" ကို သိစပ်မြင်နှံ့

    "သင်္ခါရဓမ္မ" ကို အတည်မဲ့သောတရား

    "ဓမ္မရာဇာ"ကို တရားမင်း

    "မောဟ၊ ဒေါသ၊ လောဘ"ကို အမိုက်၊ အမျက်၊ ရမ္မက်

  စသည်ဖြင့် မြန်မာမှုပြုကာ မြန်မာစကားကိုပိုပြီး ကြွယ်ဝလာအောင် ဘာသာပြန်ဆိုဖန်တီးခဲ့ကြကြောင်း သင်ထောက်ကူစာကတ်များ၏ အကူအညီဖြင့်ရှင်းပါ။
- ❖ ခေတ်ဦး၊ ခေတ်လယ်၊ ခေတ်နှောင်း ပုဂံကျောက်စာများသည် နောင်ဆက်လက်ပေါ်ထွန်းလာမည့် မြန်မာကျောက်စာများအတွက် ကြီးမားသော အခြေခံကောင်းကို ဖော်ဆောင်ခဲ့ကြောင်း ရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

- ❖ မေးခွန်းများကို အုပ်စုအလိုက် မေးကြည့်ပါ။ အုပ်စုအသီးသီးက ပြောပါစေ။
- ❖ ဖြေဆိုရန်ခက်ခဲသည့်မေးခွန်းများကို ဆရာက ကူညီဖြေရှင်းခြင်း၊ အကြံပြုခြင်း၊ လမ်းညွှန်ခြင်းများလုပ်ဆောင်၍ စာပေသမိုင်းကို စိတ်ဝင်စားမှုရှိအောင် လေ့ကျင့်သင်ကြားပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) "မြန်မာစာပေသမိုင်းအရ ပုဂံခေတ်ကို ကျောက်စာခေတ်လို့ခေါ်တဲ့ စကားကို သင်လက်ခံပါသလား"။ ဘာကြောင့်လဲ။

(၂) ပုဂံခေတ်မှာ ဘယ်လိုစကားပြေအမျိုးအစားတွေ ထွန်းကားခဲ့သလဲ။

(၃) ကျောက်စာ အင်္ဂါရပ်တွေထဲက ၃ ချက်ကို ပြောပါ။

(၄) ပုဂံခေတ်ကျောက်စာအများစုဟာ ဘယ်လိုအကြောင်းအရာတွေကို မှတ်တမ်းတင်ထားတဲ့ စာတွေဖြစ်သလဲ။

(၅) ပုဂံခေတ်မှာ ထင်ရှားတဲ့ ကျောက်စာတချို့ကို ပြောပါ။



DBE BOX

(၆) မြန်မာစာပေသမိုင်းအရ သက္ကရာဇ်အခိုင်အမာပါတဲ့ အစောဆုံးကျောက်စာရဲ့အမည်ကို ပြောပါ။

(၇) "မြန်မာစာပေအစ ကျေးဇူးတရားက" ဆိုတဲ့ စကားဟာ ဘယ်ကျောက်စာကို အကြောင်းပြု ပြီး ပေါ်ပေါက်လာတဲ့ အမှတ်အသားဖြစ်သလဲ။

(၈) ပုဂံခေတ်မှာ မြန်မာဘာသာအပြင် တခြားဘာသာတွေနဲ့ ရေးထိုးထားတဲ့ကျောက်စာတွေကို တွေ့ရပါသလား။ ဘယ်ဘာသာတွေနဲ့ ရေးထိုးထားပါသလဲ။

(၉) ပုဂံခေတ်ကျောက်စာတွေထဲမှာ ခံစားမှုအရိပ်အငွေ့တွေ ထင်ဟပ်နေတဲ့ ကျောက်စာကို သင်သိပါသလား။ ဘယ်လိုခံစားမှုအရိပ်အငွေ့တွေ ထင်ဟပ်နေတယ်ဆိုတာပြောပါ။

(၁၀) ပုဂံခေတ်ကျောက်စာတွေမှာ ဘာကြောင့် ကျိန်စာတွေ ရေးထိုးကြသလဲ။ သင့်ရဲ့အမြင်ကို ပြောပါ။

## စာသင်ချိန် ၄

### လုပ်ငန်းစဉ် ၁

### နိဒါန်းပျိုးခြင်း

- "အခုစာသင်ချိန်မှာ ပုဂံခေတ်က ပေါ်ပေါက်ခဲ့တဲ့ ကဗျာအကြောင်းကို ရှင်းပြမှာဖြစ်တယ်"ဟု ဆရာက နိဒါန်းပျိုးပါ။
- ပုဂံခေတ်တွင်လင်္ကာကဗျာအရေးအဖွဲ့များ စတင်ပေါ်ပေါက်ခဲ့ကြောင်း၊ ကျန်စစ်သားမင်းကြီး ဆည်ဖို့ခဲ့သော မြကန်အကြောင်းရေးဖွဲ့ထားသည့် "မြကန်သာ" အစချီလင်္ကာ၊ အမည်မသိ ရှေးစာဆိုတစ်ဦးရေးသားခဲ့သော"သိုးကလေ" အစချီ ပုပ္ပားနတ်တောင်ဘွဲ့ လင်္ကာများမှာ ပုဂံခေတ် ကဗျာအဖြစ် အစဉ်အဆက်မှတ်သားခဲ့ကြကြောင်း ပုဂံခေတ်ကဗျာများကို ကျောင်းသားများ နှင့် မိတ်ဆက်ပါ။

### ရှင်းပြခြင်း

- "ပုဂံခေတ်ကဗျာတွေဟာ အစောဆုံးကဗျာတွေဖြစ်ပေမဲ့ မျက်မှောက်ခေတ်အထိ ထင်ရှား နေရတဲ့အကြောင်းကတော့ ကာရန်အချိတ်အဆက်နဲ့အတူ အဖွဲ့အနွဲ့တွေ ပြောင်မြောက်လွန်း တာကြောင့် ဖြစ်တယ်" ဟု ဆရာက ပြောပါ။
- ကျောက်ထက်အက္ခရာနှင့် အထင်အရှားမရှိသော်လည်းရာဇဝင်ကျမ်းများ၊ မှတ်တမ်းများတွင် ဖော်ပြထားသော"သိုးကလေ၊ ပုပ္ပားနတ်တောင်၊ အခေါင်မြင့်ဖျား၊ စုံတောပြား၌၊ နံ့ရှားကြိုင်



DBE BOX

လွင့်၊ ခါတန်ပွင့်သည်၊ ရွှေနှင့်ယိုးမှား ပန်းစံကား”ဟူသော“သိုးကလေ” အစချီ ပုပ္ပားနတ်တောင်ဘွဲ့လင်္ကာကို ပုဂံခေတ်ကဗျာအဖြစ် အစဉ်အဆက် မှတ်သားခဲ့ကြကြောင်း ရှင်းပါ။

- ❖ ကဗျာတွင် ပုပ္ပားသူ မိန်းမပျိုလေးက သူ၏မေတ္တာနှင့်သစ္စာတရားကို မင်းမဟာဂီရိနတ်မင်းအား တိုင်တည်ပြောပြဟန်ဖြင့် ရေးဖွဲ့ထားသည်ကိုတွေ့ရကြောင်း ရှင်းပါ။
- ❖ “မြကန်သာ၊ တောင်ကျချောင်းတေး၊ ရေဝင်ပြေးလှည့်၊ ရေအေးကြည်စွာ၊ ကန်ပိုင်မာလျက်၊ ကြာပေါင်းထုံထုံ၊ ငှက်မျိုးစုံသည်၊ ဘုံဝတီသာ၊ နန္ဒာပေလော၊ တူစွဟုတ္တာ။”ဆိုသည့် ပုဂံမြို့တူရွင်းတောင်အနီးတွင် တည်ရှိသောမြကန်အကြောင်းကို ဖွဲ့ဆိုထားသည့် “မြကန်” လင်္ကာသည်လည်း ထင်ရှားကြောင်းရှင်းပါ။
- ❖ “မြကန်”လင်္ကာမှာ လိုရင်းအဓိပ္ပာယ်ကို စကားတိုတိုဖြင့်ဖော်ပြသည့်အပြင် ကျောက်စာစကားပြေ၌ သုံးစွဲထားသော “တေး၊ ကန်ပိုင်၊ တူစွ၊ ဟုတ္တာ”ဟူသော စကားအချို့ ပါဝင်နေခြင်းကြောင့် ပုဂံကောင်းစားခဲ့သောခေတ်တွင် ရေးသားခဲ့မည်ဟု ယူဆကြကြောင်း အတွေးဖွင့်ပေးပါ။
- ❖ ပုဂံခေတ်နှောင်းကာလမှာ ခရစ်နှစ် ၁၁၇၄ ခုနှစ်မှ ခရစ်နှစ် ၁၃၂၇ ခုနှစ်အထိ နှစ်ပေါင်း ၁၅၀ ကျော်ကာလဖြစ်ကြောင်း၊ ခရစ်နှစ် ၁၁၇၄ ခုနှစ် နရပတိစည်သူမင်းလက်ထက်တွင် မြန်မာစာပေ အရှိန်ရလာကြောင်း၊ နရသီဟပတေ့မင်း နန်းတက်ပြီးနောက်ပိုင်း ခရစ်နှစ် ၁၂၈၇ ခုနှစ် ပုဂံပြည်ပျက်သုဉ်းခဲ့သောကာလအထိ မြန်မာစာကိုသာ အများဆုံးသုံးခဲ့ကြကြောင်း ရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

- ❖ မေးခွန်းများကို ဆရာက ကူညီဖြေရှင်းခြင်း၊ အကြံပြုခြင်း၊ လမ်းညွှန်ပေးခြင်းစသော နည်းလမ်းများနှင့် ကျောင်းသားများ၏တတ်မြောက်မှုကို လေ့ကျင့်ပေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ပုဂံခေတ်မှာ စတင်ပေါ်ပေါက်ခဲ့တဲ့ ကဗျာအမျိုးအစားကို ပြောပါ။

(၂) အစောဆုံးကဗျာ ဘယ်နှပုဒ်ရှိသလဲ။ ကဗျာတွေရဲ့အမည်ကို ပြောပါ။

(၃) မြန်မာစာပေသမိုင်းအရ ပုဂံခေတ်ကဗျာတွေရဲ့အစဟာ လင်္ကာကဗျာတွေဖြစ်တယ်ဆိုတာကို ဖွဲ့စပ်ပုံနည်းတွေနဲ့ ဆက်စပ်ရှင်းလင်းပါ။

## စာသင်ချိန် ၅

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

### (၁) အမှား၊ အမှန်ရွေးချယ်ခြင်း လေ့ကျင့်ခန်း

❖ ပေးထားသည့် ဝါကျများတွင် အကြောင်းအရာအမှန်များပါသလို အမှားများလည်း ပေးထားခြင်းဖြစ်သည်။ ဖြေဆိုသည့်သူက မှန်လျှင် (✔) သည့်အကြောင်း၊ မှားလျှင်လည်း (✘) မှားသည့်အကြောင်း ဝိုက်ကွင်းထဲတွင် သင်္ကေတ ခြစ်ပေးရမည်ဖြစ်သည်။ ဖြေကြည့်ရအောင်။

(က) ပုဂံခေတ်တွင် ကျောက်စာများအပြင် စဥ့်ကွင်းစာ၊ အုတ်ခွက်စာနှင့် မင်စာများကိုလည်း တွေ့ရသည်။ (✔)

(ခ) တွေ့ရှိရသမျှကျောက်စာများတွင် ရာဇကုမာရ်ကျောက်စာသည် အစောဆုံးဖြစ်သည်။ (✘)

(မှတ်ချက်။ ခုနှစ်သက္ကရာဇ်ပါသော ကျောက်စာများတွင်သာ အစောဆုံးဖြစ်သောကြောင့်)

(ဂ) လောကထိပ်ပန် မင်စာများသည် ဇာတ်ကြီးဆယ်ဘွဲ့ အကြောင်းကို အခြေခံပြီး ရေးသားထား ခြင်းဖြစ်သည်။ (✔)

(ဃ) မင်စာများတွင် ကျိန်စာရေးထိုးကြသည်ကို တွေ့ရသည်။ (✘)

(င) ပုဂံခေတ်ကို ကျောက်စာခေတ်ဟု ခေါ်ကြသည်။ (✔)

### (၂) ကွက်လပ်ဖြည့်ခြင်း လေ့ကျင့်ခန်း

❖ ပေးထားသည့် ဝါကျထဲတွင် အဓိကကျသော အကြောင်းအရာများကို ကွက်လပ်အနေဖြင့် ဖျောက်ထားပါသည်။ ဖြေဆိုသည့်သူက ပေးထားသော ဝါကျကို အစအဆုံးပြန်ကူးပြီးပေးရန် မလိုပါ။ ကွက်လပ်ထဲတွင်ထည့်ရမည့် အဖြေမှန်စာသားကိုသာ ဖြေဆိုရမည့်နေရာတွင် ပီပီသသ ရေးသားပေးရန်လိုပါသည်။ စဉ်းစားပြီး ဖြေပါ။

(က) ပုဂံခေတ်တွင် ထင်ရှားသော ကဗျာတစ်ပုဒ်၏အမည်မှာ ---------- ဖြစ်သည်။

**အဖြေ။** မြကန်

(ခ) သိယ်သူ့သမီးကျောက်စာကို ---------- ဟူသော အမည်ဖြင့်လည်း ခေါ်ကြသည်။

**အဖြေ။** အာမနာကျောင်းကျောက်စာ

(ဂ) ရာဇကုမာရ်ကျောက်စာတွင် ဘာသာစကား ------------ ကို တွေ့ရသည်။

**အဖြေ**။ ၄ မျိုး

(ဃ) ပုဂံခေတ်တစ်လျှောက်တွင် မင်းပေါင်း ----------- စိုးစံခဲ့သည်။

**အဖြေ**။ ၅၅ ဆက်

(င) မြန်မာအက္ခရာအရေးအသားသည် ------------ မှ ဆင်းသက်လာခြင်း ဖြစ်သည်။

**အဖြေ**။ ဗြာဟ္မီအက္ခရာ

**(၃) အဖြေမှန် ရွေးချယ်ခြင်း လေ့ကျင့်ခန်း**

❖ မေးခွန်းတစ်ခုမေးထားပြီး မေးခွန်းအောက်တွင် '(၁)၊ (၂)၊ (၃)' ဟူ၍ အဖြေသုံးခု ပေးထားပါသည်။ ဖြေဆိုသူက ယင်းအဖြေသုံးခုအနက် တစ်ခုကို ရွေးချယ်ပြီး "အဖြေမှန်" ဆိုသည့် ကွက်လပ်နေရာတွင် ဖြေပါ။

(က) ပုဂံခေတ် မင်စာအရေးအဖွဲ့များကို လေ့လာကြည့်ပါက အဓိကအားဖြင့် ------- စွမ်းရည်ကို တွေ့ရှိရမည်ဖြစ်သည်။

(၁) စကားပြေကောင်း

(၂) အနှစ်ချုပ်

(၃) စကားအသုံးအနှုန်း

**အဖြေမှန်**။ (၂) အနှစ်ချုပ်

(ခ) ပုဂံခေတ်တွင် ပေါ်ထွန်းခဲ့သော ကဗျာအမျိုးအစားမှာ -------- ကဗျာ ဖြစ်သည်။

(၁) တျာချင်း

(၂) လင်္ကာ

(၃) ရတု

**အဖြေမှန်**။ (၂) လင်္ကာ

(ဂ) မိဖုရားဖွားစော ကျောက်စာကို --------- ဟူ၍လည်း ခေါ်ကြသည်။

(၁) အာမနာကျောင်းကျောက်စာ

(၂) မင်းဝိုင်းကျောင်းကျောက်စာ

(၃) ကျစွာမင်းအမိန့်တော်ပြန်တမ်းကျောက်စာ

**အဖြေမှန်**။ (၂) မင်းဝိုင်းကျောင်းကျောက်စာ



DBE BOX

(ဃ) ရာဇကုမာရ်ကျောက်စာတွင် ရေးထိုးထားသည့် ဘာသာစကားလေးမျိုး၏ အက္ခရာ ပုံသဏ္ဌာန်ကို လေ့လာကြည့်ပါက အက္ခရာ --------ရှိကြောင်း တွေ့ရသည်။

(၁) ၄ မျိုး

(၂) ၃ မျိုး

(၃) ၂ မျိုး

**အဖြေမှန်။** (၃) ၂ မျိုး

(င) ကျောက်စာများကို အင်္ဂါရပ် -------- ဖြင့် လေ့လာနိုင်သည်။

(၁) ၅ ရပ်

(၂) ၆ ရပ်

(၃) ၇ ရပ်

**အဖြေမှန်။** (၃) ၇ ရပ်

**လုပ်ငန်းစဉ် ၂**

**စစ်ဆေးအကဲဖြတ်ခြင်း**

(က) အလှူမှတ်တမ်းတင်ကျောက်စာတွေမှာ ဘယ်လိုအင်္ဂါရပ်တွေ ပါဝင်လေ့ရှိသလဲ။

(ခ) ကျစွာမင်းကျောက်စာကို အမိန့်တော်ပြန်တမ်းလို့ ဘာကြောင့်ခေါ်သလဲ။

(ဂ) ပုဂံခေတ်မှာ ပေါ်ပေါက်ခဲ့တဲ့ အုတ်ခွက်စာ၊ မင်စာတွေအကြောင်း ပြောပြပါ။

(ဃ) မြကန်ကဗျာဟာ ပုဂံခေတ်မှာ ရေးသားခဲ့တဲ့ကဗျာတစ်ပုဒ်ဖြစ်ကြောင်း ဘယ်လိုအသုံးအနှုန်းတွေက သက်သေပြနေပါသလဲ။

(င) ရွှေနှင့်ယိုးမှား ပန်းစံကားကဗျာက မိန်းမပျိုလေးရဲ့အလှကို စာဆိုက ဘယ်လိုရေးဖွဲ့ထားသလဲ။

# ပင်းယခေတ်စာပေသမိုင်း

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – ပင်းယခေတ်စာပေသမိုင်း |
| ရည်ရွယ်ချက် | – ပင်းယခေတ်တွင်ပေါ်ပေါက်ခဲ့သည့်စာဆိုများ၊ စာပေပုံသဏ္ဌာန်များနှင့် ပင်းယခေတ်အရေးအသား၊ အသုံးအနှုန်းများကို သိရှိစေရန်၊ ပြောပြတတ်ရန်၊ ရေးပြတတ်ရန် |
| သင်ယူမှုရလဒ် | – ပင်းယခေတ်တွင်ပေါ်ပေါက်ခဲ့သည့်စာဆိုများ၊ စာပေပုံသဏ္ဌာန်များနှင့် ပင်းယခေတ်အရေးအသား၊ အသုံးအနှုန်းများကို သိရှိလာမည်။ |
| သင်ကြားနည်း | – အမေးအဖြေနည်း၊ ဆွေးနွေးအဖြေရှာနည်း၊ ဉာဏ်ဖွင့်စဉ်းစားနည်း |
| သင်ထောက်ကူပစ္စည်း | – ပင်းယခေတ် မြန်မာစာပေနှင့်ပတ်သက်သော အချက်များကို မှတ်တမ်းတင်ထားသော စာကတ်ပြားများ၊ သင်ကြားခဲ့ဖူးသော ပင်းယခေတ် စာပေများထဲက စာအချို့ကို ကောက်နုတ်မှတ်တမ်းတင်ထားသော စာကတ်ပြားများ၊ ခေတ်သုံးဝေါဟာရများကို မှတ်တမ်းတင်ထားသော စာကတ်ပြားများ၊ ဗဟားပုံစာချပ်များ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – ၅ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

- ❖ ခရစ်နှစ် ၁၂၉၉ ခုနှစ်မှ ၁၃၆၄ ခုနှစ်အထိ နှစ်ပေါင်း ၆၀ ကျော်ကာလသည် မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်းမင်းများ တန်ခိုးအာဏာတက်ခဲ့သော ကာလဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ ပင်းယခေတ်တွင် ပေါ်ထွန်းခဲ့သော မြန်မာစာပေသမိုင်းကို တစ်ဖက်ပါဇယားအတိုင်း ဆရာက စာဖြင့် မိတ်ဆက်ပါ။



DBEBOX

| စာပေ | အမျိုးအစား | စာအမည် | စာဆိုအမည် |
|---|---|---|---|
| စကားပြေ | ကျောက်စာ | ပင်းယရွှေစည်းခုံကျောက်စာ | |
| ကဗျာ | ရတု | 'ရွှေဖဝါးတော်အောက်' ချီ | စတုရင်္ဂဗလအမတ်ကြီး |
| | တျာချင်း | 'ခါးပတ်တော်မှာ ရွှေချည်စုံ မှိုင်းလုံးရွှေဝတ်လုံ'ချီ | အမည်မသိရှေးစာဆို |
| | ကာချင်း | 'မြင်စိုင်းရွှေပြည်' | ငါးစီးရှင်ကျော်စွာ |

❖ ပုဂံခေတ်မပျက်မီကပင် ထိုမင်းများ တန်ခိုးသြဇာစတင် ပျံ့နှံ့ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကာလကို ပင်းယခေတ်ဟု သတ်မှတ်ထားကြကြောင်း မိတ်ဆက်ပါ။

❖ ပုဂံပျက်ပြီးနောက် အသင်္ခယာ၊ ရာဇသင်္ကြံ၊ သီဟသူ ညီနောင်သုံးဦးသည် မြင်စိုင်းတွင် အင်အား ဖြည့်တင်းပြီး ပင်းယနှင့် စစ်ကိုင်းကို မင်းနေပြည်တော်အဖြစ် တည်ထောင်ကြကြောင်း၊ အသင်္ခယာသည် မြင်စိုင်း၊ ရာဇသင်္ကြံသည် မက္ခရာ၊ သီဟသူသည် ပင်လယ်တို့တွင် မင်းပြုကြ ကြောင်း၊ မြင်စိုင်းမြို့ဘွဲ့ကာချင်းသည် မြင်စိုင်းမြို့ကို ရန်သူတို့ဘေးရန်မှ ကာကွယ်ရန် ဇာတိမာန် ထက်သန်အောင် ဖွဲ့ဆိုထားကြောင်း မိတ်ဆက်ပါ။

❖ တျာချင်းသည် ပင်းယမင်း သီဟသူလက်ထက်တွင် ရေးဖွဲ့ပြီး မြင်းခင်းသဘင်သို့ ထွက်လာသော မင်းညီမင်းသားတို့၏ အသွင်သဏ္ဌာန်နှင့် ဝတ်စားဆင်ယင်ပုံကို ဖွဲ့ဆိုထားခြင်းဖြစ်ကြောင်း မိတ်ဆက်ပါ။

**ရှင်းပြခြင်း**

❖ ပင်းယခေတ်စာပေများအနက် အထင်အရှားကျန်ခဲ့သော အရာများမှာ ကျောက်စာနှင့် ကဗျာ သီချင်းအချို့ဖြစ်ကြောင်း ရှင်းပါ။

❖ ပင်းယခေတ်မှာ အမွှမ်းအမံအခြယ်အမှုန်းများသော စကားပြေများ ပေါ်ထွန်းခဲ့ကြောင်း၊ ကဗျာ လက်ာများတွင်လည်း တျာချင်း၊ ကာချင်းများနှင့်အတူရတုကဗျာများကို အထင်အရှားတွေ့ရ ကြောင်း၊ ခေတ်ကာလတိုတောင်းသောကြောင့်တစ်ကြောင်း၊ တိုင်းရေးပြည်ရေးမတည်ငြိမ် ခြင်းကြောင့်တစ်ကြောင်း၊ စာပေလက်ရာအရေအတွက်မများသော်လည်း ယနေ့ထိ ဖတ်ရှု လေ့လာရသောစာများမှာ အဆင့်အတန်းရှိသည်ကို တွေ့ရကြောင်း၊ နှောင်းခေတ်မြန်မာစာပေ ဖွံ့ဖြိုးရေးအတွက်လည်း လမ်းခင်းပေးသကဲ့သို့ရှိနေကြောင်းရှင်းပါ။



DBE BOX

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ မေးခွန်းများကို အုပ်စုအလိုက် မေးပါ။ အုပ်စုအသီးသီးက ပြောပါစေ။

❖ ဖြေဆိုရန် အားနည်းသည့်ကျောင်းသားများကို ဆရာက ကူညီဖြေရှင်းခြင်း၊ အကြံပြုခြင်း၊ လမ်းညွှန်ခြင်းများလုပ်ဆောင်၍ ပင်းယခေတ်စာပေသမိုင်းကို စိတ်ဝင်စားမှုရှိအောင် လေ့ကျင့်သင်ကြားပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ဘယ်ကာလ အပိုင်းအခြားကို ပင်းယခေတ်လို့ခေါ်သလဲ။

(၂) ပင်းယခေတ်မှာ ဘယ်လိုစာပေအမျိုးအစားတွေ ပေါ်ထွန်းခဲ့သလဲ။ သင်သိသမျှ ပြောပါ။

(၃) ပင်းယခေတ်မှာ ဘယ်လိုစကားပြေတွေ ပေါ်ထွန်းခဲ့သလဲ။

(၄) ပင်းယခေတ်မှာ တွေ့ရတဲ့ ကဗျာအမျိုးအစားတွေကို ပြောပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

❖ ပုဂံခေတ်မြန်မာစာပေသမိုင်း သင်ကြားခဲ့စဉ်က ကျောက်စာအကြောင်းကို သိခဲ့ပြီးဖြစ်ကြောင်း၊ ယခုပင်းယခေတ်မှာ ရေးထိုးမှတ်တမ်းတင်ခဲ့သည့် ကျောက်စာများအနက် အချို့ကို မိတ်ဆက်ပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ပုဂံခေတ်နည်းတူ ပင်းယခေတ်မှာလည်း အလှူဒါနပြုကြသောအခါ ကျောက်စာရေးထိုး မှတ်တမ်းတင်ကြကြောင်း ဆရာက အစပျိုးပေးပြီး ကျောက်စာနှင့်ပတ်သက်၍ ကျောင်းသားများကို မှတ်မိသလောက် ပြောပါစေ။

❖ အလှူရှင်၊ ကျောက်စာရှင်များသည် အများအားဖြင့် ဘုရင်များ၊ အမျိုးအနွယ်တော်များ၊ နန်းတော်နှင့်နီးစပ်သောသူများဖြစ်ကြောင်းဆွေးနွေးပါ။



DBE BOX

**ရှင်းပြခြင်း**

- ❖ ကျောက်စာရေးထိုးရာတွင် ခမ်းနားထည်ဝါအောင် အားထုတ်ကြကြောင်း၊ ထီးသံ နန်းသံ ကြငှန်းသံများနှင့် ခြယ်မှုန်းကြကြောင်း၊ ထိုအခါက ဝိသေသနပုဒ်များ များစွာပါဝင်သော ဝါကျရှည်ကြီးများနှင့်ဖွဲ့ထားသော စကားပြေများ ထွန်းကားလာကြောင်း ရှင်းပါ။
- ❖ အလျှုမှတ်တမ်းကိုအကြောင်းပြုပြီး ကျောက်စာအရေးအသားကို ခမ်းနားထည်ဝါအောင်အားထုတ်ရာမှ ပင်းယခေတ်ကျောက်စာစကားပြေများမှာ အတ္တာလင်္ကာရ၊ သဒ္ဒါလင်္ကာရမြောက်သော အဖွဲ့များ ပါဝင်လာကြောင်းရှင်းပါ။
- ❖ ပင်းယရွှေစည်းခုံကျောက်စာ၌ ရူပကအလင်္ကာ၊ ဥပမာအလင်္ကာများနှင့် ရေးဖွဲ့ထားသော စကားပြေများ အများအပြားတွေ့နိုင်ကြောင်း ဆရာက သင်ခန်းစာပါ သာဓက အကိုးအကားများနှင့်တကွ ရှင်းပါ။
- ❖ ပင်းယခေတ် ကျောက်စာစကားပြေ အရေးအသားများကို လေ့လာကြည့်မည်ဆိုပါက ပုဂံခေတ်ကထက် အဖွဲ့အနွဲ့အဆင်တန်ဆာများဖြင့် ပြေပြေပြစ်ပြစ်ရေးဖွဲ့လာသည်ကို တွေ့နိုင်ကြောင်း ရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

- ❖ ဆရာက ကျောင်းသားများကို နှုတ်ဖြေမေးခွန်းများမေးခြင်းဖြင့် လေ့ကျင့်ပါ။
- ❖ နှုတ်ဖြေမေးခွန်းဖြေဆိုရန် ဦးစွာကျောင်းသားများကို အရေအတွက် အနည်းအများအပေါ်မူတည်ပြီး အုပ်စုဖွဲ့ပါ။
- ❖ နှုတ်မေးခွန်းမေးသည့်အခါ အုပ်စုအားလုံးကိုဖြစ်စေ၊ အုပ်စုတစ်စုချင်းကိုဖြစ်စေ၊ တစ်ဦးချင်းအလိုက်ဖြစ်စေ မေးမြန်းပါ။ လိုအပ်သည့်အခါ ဆရာက ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ပင်းယခေတ်မှာ ထင်ရှားတဲ့ ကျောက်စာတစ်ချပ်ရဲ့နာမည်ကို သင်သိပါသလား။ ပြောပြပါ။

(၂) ကျောက်စာရေးထိုးသူတွေဟာ အများအားဖြင့် ဘယ်သူတွေ ဖြစ်ကြသလဲ။

(၃) ကျောက်စာရေးထိုးရာကတစ်ဆင့် စကားပြေတွေ ထွန်းကားလာရတဲ့အကြောင်းကို ဘယ်လိုမှတ်သားထားသလဲ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

❖ ကျောက်ထက်အက္ခရာတင်သော ကဗျာအဖွဲ့များအပြင် ရတုကဗျာလည်း ပင်းယခေတ်တွင် အထင်အရှားပေါ်ထွန်းခဲ့ကြောင်း နိဒါန်းပျိုးပါ။

❖ ရတုကဗျာဆိုသည်မှာ လေးလုံးစပ်ကဗျာတစ်မျိုးပင် ဖြစ်ကြောင်း၊ တစ်ပိုဒ်တည်းဖွဲ့ဆိုလျှင် ဧကပိုဒ်၊ နှစ်ပိုဒ်ဖွဲ့ဆိုလျှင် အဖြည့်ခံဖြစ်ပြီး သုံးပိုဒ်ဖွဲ့ဆိုပါက ပိုဒ်စုံရတုဟု သတ်မှတ်ခေါ်ဆိုကြကြောင်း မိတ်ဆက်ပါ။

❖ ရတုကဗျာကို ရေးဖွဲ့သူမှာ စတုရင်္ဂဗလအမတ်ကြီး ဖြစ်ကြောင်း၊ လောကုတ္တရာဆိုင်ရာ သိမှတ်ဖွယ် ခဲရာခဲဆစ်များနှင့်စပ်လျဉ်းပြီး မိမိမရှင်းလင်းသောအချက်အလက်များကို ဖြေရှင်းပေးပါရန် ဆူးတွင်းပစ်ဆရာတော်ထံ ရတုနှင့် လျှောက်ထားတောင်းပန်ခြင်းဖြစ်ကြောင်း မိတ်ဆက်ပါ။

**ရှင်းပြခြင်း**

❖ စတုရင်္ဂဗလအမတ်ကြီး၏ ရတုမှာ ပိုဒ်စုံရတုအမျိုးအစားဖြစ်ကြောင်းရှင်းပါ။

❖ စတုရင်္ဂဗလအမတ်၏ ရတုသည် တရားဓမ္မရေးရာ အမေးအမြူ သက်သက်ကို ဖွဲ့ဆိုထားတာဖြစ်ကြောင်း၊ ရတုတွင် လောကုတ္တရာအကြောင်းအရာများကို ဖွဲ့ဆိုထားရာ ဗုဒ္ဓဘာသာ အဘိဓမ္မာတရားကို အခြေခံမရှိပါက နားလည်နိုင်ရန်ခက်ခဲကြောင်း၊ လေးနက်ခက်ခဲသော အကြောင်းအရာများကို လွယ်ကူရှင်းလင်းသော မြန်မာစကားနှင့် ဖွဲ့ဆိုနိုင်ခဲ့သောကြောင့် ထိုရတုကို ပညာရှင်များချီးကျူးကြကြောင်း၊ နှောင်းခေတ်ရတုများမှာ တစ်ပိုဒ်ထက်ပိုပြီးဖွဲ့လျှင် အချီပဒချင်း၊ အချပဒချင်း၊ နဘေကာရန်ထပ်မိအောင် ရေးဖွဲ့ကြကြောင်း၊ ပဒဆိုသည်မှာ "ကဗျာလင်္ကာတွင် လေးလုံးငါးလုံးစသည် ပိုင်းခြားသော စကားလုံးအစု" ဖြစ်ကြောင်း ရှင်းပါ။

❖ စတုရင်္ဂဗလအမတ်ကြီး၏ ရတုတွင်မူ တစ်ပိုဒ်စီ၌ "ရွှေဖဝါး တော်အောက်"၊ "မင်း၏ တရား"၊ "နာမ်နှင့်ရုပ်ကို" ဟူ၍ ပဒအသီးသီးနှင့် အစချီထားကြောင်း၊ ထို့အတူ အချပဒကာရန်များလည်း အပြည့်အဝမညီကြကြောင်း၊ ထို့ကြောင့် စတုရင်္ဂဗလအမတ်၏ရတုတွင် ပေါ်ထွန်းစရတုကဗျာ၏ လက္ခဏာများကို လေ့လာနိုင်ကြောင်း ဆရာက ရှင်းပါ။

DEE BOX

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ မေးခွန်းများကို အုပ်စုအလိုက် မေးပါ။ အုပ်စုအသီးသီးက ပြောပါစေ။

❖ ဖြေဆိုရန် ခက်ခဲသည့် မေးခွန်းများကို ဆရာက ကူညီဖြေရှင်းခြင်း၊ အကြံပြုခြင်း၊ လမ်းညွှန်ခြင်းများလုပ်ဆောင်၍ စာပေသမိုင်းကို စိတ်ဝင်စားမှုရှိအောင် လေ့ကျင့်သင်ကြားပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ရတုကဗျာဆိုတာ ဘယ်လိုစာပေအဖွဲ့မျိုးကို ခေါ်တာလဲ။ ပြောပါ။

(၂) ပင်းယခေတ်မှာ စတုရင်္ဂဗလအမတ်ကြီး ရေးဖွဲ့ခဲ့တဲ့ ရတုကဗျာရဲ့ အမည်ကို ပြောပါ။

(၃) စတုရင်္ဂဗလအမတ်ကြီးရဲ့ရတုဟာ ဘယ်လိုအကြောင်းအရာတွေကို ရေးဖွဲ့ထားတဲ့ ကဗျာဖြစ်သလဲ။

(၄) ပိုဒ်စုံရတုဆိုတာ ဘယ်လိုအဖွဲ့မျိုးလဲ။ ပြောပါ။

(၅) ပဒဆိုတာ ဘာကိုပြောတာလဲ။ ပြောပါ။

## စာသင်ချိန် ၄

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

❖ ပင်းယခေတ်မှာ ရတုကဗျာအပြင် တျာချင်းနှင့် ကာချင်းဆိုသော အချင်းကဗျာများလည်း စတင်ပေါ်ထွန်းခဲ့ကြောင်း၊ အချင်းကဗျာဆိုသည်မှာ သီချင်းဘက်သို့ နွှယ်သော ကဗျာများကို ဆိုလိုကြောင်း မိတ်ဆက်ပါ။

❖ တျာချင်းဆိုသည်မှာ "မြန်မာ့ဂီတတွင်ရှိသော သာယာနာပျော်ဖွယ် တျာသံဖြင့် သီဆိုရသော တေးကဗျာမျိုး" ဖြစ်ကြောင်း ရှင်းပါ။

❖ ကာချင်းဆိုတာ "လက်ယာလက်က 'ဓား'၊ လက်ဝဲလက်က 'ကာ' ကိုကိုင်ကာ တစ်ဖက်က တိုက်ခိုက်လာသည်ကို ကာကွယ်ဟန် ဓားခုတ်ဟန်၊ ဓားဝင့်ဟန်များဖြင့် ခြေကိုသိုင်းကွက်ကျနင်း၍ ကရာတွင် သီဆိုရသောသီချင်း" ဖြစ်ကြောင်း အစပျိုးခြင်းဖြင့် မိတ်ဆက်ပါ။

- ❖ ကာချင်းများမှာ ပင်းယမင်း ငါးစီးရှင်ကျော်စွာ ကိုယ်တိုင်ရေးပြီး ကိုယ်တိုင်သီဆိုကာ ကခဲ့သည်ဟု အဆိုရှိကြောင်း ဆရာက ကာချင်းကဗျာနှင့် မိတ်ဆက်ပါ။

## ရှင်းပြခြင်း

- ❖ တျာချင်းကို ပင်းယမင်း သီဟသူလက်ထက်တွင် ရေးဖွဲ့ခဲ့သည်ဟု အမှတ်အသားရှိကြကြောင်း

  "ခါးပတ်တော်မှာ ရွှေချည်စုံ၊ မှိုင်းလုံးရွှေဝတ်လုံ၊ မလုံသာချမ်းအေးမြ၊ မိုးသောက်ထ ရောင်မြူ လာငယ်ကို၊ ထိပ်ပန်းပန်ငယ်မြင်းခင်းကြွပါလို့လေး" အစချီသော တျာချင်းဖြစ်ကြောင်းရှင်းပါ။

- ❖ ယင်းတျာချင်းမှာ ပင်းယဘုရင် ငါးစီးရှင်ကျော်စွာ ငယ်စဉ်က အထူးနှစ်ခြိုက်ခဲ့သော တျာချင်းဖြစ်ကြောင်း၊ တွေ့ရှိပြီးရသမျှ တျာချင်းများထဲတွင် ထိုတျာချင်းသည် အစောဆုံးဖြစ်သည်ဟု ဆိုနိုင်ကြောင်း ဆရာက ရှင်းပါ။

- ❖ ငါးစီးရှင်ကျော်စွာ ရေးဖွဲ့ထားသော "မြင်စိုင်းရွှေပြည်" ကာချင်းသည် ထင်ရှားကြောင်း၊ "မြင်စိုင်းရွှေပြည်" ကာချင်းသည် မြင်စိုင်းပြည်၏ သာယာပုံကို သရုပ်ဖော်ထားသော ကာချင်း တစ်ပုဒ်ဖြစ်ကြောင်း ဆရာက ရှင်းပါ။

- ❖ ပင်းယခေတ်၏ သာယာစည်ပင်ပုံများ၊ ပင်းယခေတ်မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်များကို ထိုကာချင်းမှတစ်ဆင့် မြင်ယောင်နိုင်၊ ခန့်မှန်းနိုင်ကြောင်းနှင့် ငါးစီးရှင်ကျော်စွာ၏ မြင်စိုင်းရွှေပြည်ကာချင်းသည်

  "တာဝတိံသာနတ်ရွာလော နတ်ရွာလော

  ဟုတ်တည်း ရှင်ချင်း ရှင်ချင်း

  ဟုတ်တည်း ဆွေရင်းဆွေရင်း

  ဟုတ်တည်း သည်ရင်း သည်ရင်း"

  ဟူ၍ အတိုင်အဖောက်ညီညီ သီဆိုဟန်နှင့် ရေးဖွဲ့ထားခြင်းကြောင့် စစ်သံစဉ်ဟန်အပြည့်ပါသော ဇာတိမာန် တေးကဗျာတစ်ပုဒ်ဖြစ်ကြောင်း ရှင်းပါ။

- ❖ ပင်းယခေတ်သည် စစ်မက်ရေးရာ ထူပြောလှသောခေတ်ဖြစ်သောကြောင့် စာပေအမျိုးအစားများစွာ မထွက်ပေါ်ခဲ့ကြောင်း၊ ကာချင်းကဲ့သို့သော စစ်သွေးစစ်မာန်တက်ကြွစေသည့် ဇာတိမာန် တေးကဗျာများသာ ပေါ်ထွက်ခဲ့ကြောင်း ရှင်းပါ။



DBE BOX

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ဆရာက ကျောင်းသားများကို နှုတ်ဖြေမေးခွန်းများမေးခြင်းဖြင့် လေ့ကျင့်ပါ။

❖ နှုတ်ဖြေ မေးခွန်းဖြေဆိုရန် ဦးစွာ ကျောင်းသားများကို အရေအတွက် အနည်းအများအပေါ် မူတည်ပြီး အုပ်စုဖွဲ့ပါ။

❖ နှုတ်ဖြေ မေးခွန်းမေးသည့်အခါ အုပ်စုအားလုံးကိုဖြစ်စေ၊ အုပ်စုတစ်စုချင်းကိုဖြစ်စေ၊ တစ်ဦးချင်း အလိုက်ဖြစ်စေ မေးပါ။

❖ ဖြေဆိုရန် ခက်ခဲသည့်မေးခွန်းများကို ဆရာက ကူညီဖြေရှင်းခြင်း၊ အကြံပြုခြင်း၊ လမ်းညွှန်ခြင်း များလုပ်ဆောင်၍ စာပေသမိုင်းကို စိတ်ဝင်စားမှုရှိအောင် လေ့ကျင့်သင်ကြားပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ပင်းယခေတ်မှာ ပေါ်ပေါက်ခဲ့တဲ့ တျာချင်းကဗျာထဲမှာ ဘယ်လိုအကြောင်းအရာတွေကို အခြေခံ ရေးဖွဲ့ထားသလဲ။ ပြောပါ။

(၂) အချင်းကဗျာလို့ ဘာကြောင့်ခေါ်တာလဲ။ ပြောပါ။

(၃) ပင်းယခေတ်မှာ ထင်ရှားတဲ့ အစောဆုံး တျာချင်းကဗျာရဲ့ အမည်ကို ပြောပါ။

(၄) တျာချင်းလို့ ဘာကြောင့်ခေါ်ပါသလဲ။

(၅) ပင်းယခေတ်မှာ ကာချင်းကဗျာ ပေါ်ပေါက်လာရတဲ့ အခြေခံအကြောင်းရင်းကို ပြောပြပါ။

(၆) ကာချင်းဆိုတဲ့ အဓိပ္ပာယ်ကို ပြောပါ။

(၇) ကာချင်းစာဆိုတွေဟာ ဘယ်လို ရည်ရွယ်ချက်တွေနဲ့ ကာချင်းတွေကို ဖွဲ့စပ်ခဲ့ကြသလဲ။

(၈) ပင်းယခေတ်မှာ ထင်ရှားတဲ့အစောဆုံး ကာချင်းကဗျာရဲ့ အမည်ကို သိပါသလား။ ဘယ်သူ ရေးဖွဲ့ခဲ့တယ်ဆိုတာလဲ ပြောပါ။

DBE BOX

## စာသင်ချိန် ၅

### လုပ်ငန်းစဉ် ၁

### လေ့ကျင့်ခြင်း

### (၁) အမှား၊ အမှန်ရွေးချယ်ခြင်း လေ့ကျင့်ခန်း

❖ ပေးထားသည့်ဝါကျများတွင် အကြောင်းအရာ အမှန်များပါသကဲ့သို့ အမှားများကိုလည်း ပေးထားသည်။ ဖြေဆိုသည့်သူက မှန်လျှင် (✔) သည့်အကြောင်း၊ မှားလျှင်လည်း (✘) မှားသည့် အကြောင်း ဝိုက်ကွင်းထဲတွင် သင်္ကေတ ခြစ်ပေးရမည်ဖြစ်သည်။

(က) ပင်းယခေတ်သည် တိုင်းပြည်အေးချမ်းနေသည့် အချိန်ကာလဖြစ်သောကြောင့် မြန်မာ စာပေများ အရှိန်အဟုန်နှင့် ထွန်းကားခဲ့သောခေတ် ဖြစ်သည်။ (✘)

(ခ) ငါးစီးရှင်ကျော်စွာသည် တျာချင်းများကို ရေးသားခဲ့သည်။ (✘)

(ဂ) ရတုဆိုသည်မှာ လေးလုံးစပ် ကဗျာတစ်မျိုးဖြစ်သည်။ (✔)

(ဃ) ကာချင်းကဗျာများသည် ဇာတိမာန် တက်ကြွစေသော အဖွဲ့များဖြစ်သည်။ (✔)

(င) "ရွှေဖဝါးတော်အောက်" အစချီ ရတုသည် အစောဆုံးရတု ဖြစ်သည်။ (✔)

### (၂) ကွက်လပ်ဖြည့်ခြင်း လေ့ကျင့်ခန်း

❖ ပေးထားသည့် ဝါကျထဲတွင် အဓိကကျသောအကြောင်းအရာများကို ကွက်လပ်အနေဖြင့် ဖျောက်ထားပါသည်။ ဖြေဆိုသည့်သူက ပေးထားသောဝါကျကို အစအဆုံးပြန်ကူးပြီးပေးရန် မလိုပါ။ ကွက်လပ်ထဲတွင် ထည့်ရမည့်အဖြေမှန်စာသားကိုသာ ဖြေဆိုရမည့် နေရာတွင် ပီပီသသ ရေးသား ပေးရန်လိုပါသည်။ စဉ်းစားပြီး ဖြေပါ။

(က) ပင်းယခေတ်တွင် ရတုကဗျာကို ရေးဖွဲ့ခဲ့သူ၏အမည်မှာ ---------- ဖြစ်သည်။
**အဖြေ။** စတုရင်္ဂဗလအမတ်ကြီး

(ခ) ငါးစီးရှင်ကျော်စွာသည် ---------- ကာချင်းကို ရေးသားစပ်ဆိုခဲ့သည်။
**အဖြေ။** မြင်စိုင်းရွှေပြည်

(ဂ) ငါးစီးရှင်ကျော်စွာ ငယ်စဉ်က အထူးနှစ်ခြိုက်ခဲ့သော တျာချင်း၏အမည်မှာ --------- ဖြစ်သည်။
**အဖြေ။** "ခါးပတ်တော်မှာ ရွှေချည်စုံ မှိုင်းလုံးရွှေဝတ်လုံ" ချီ တျာချင်း

(ဃ) "ရွှေဖဝါးတော်အောက်" အစချီရတုကို စပ်ဆိုခဲ့သူမှာ --------- ဖြစ်သည်။
**အဖြေ။** စတုရင်္ဂဗလအမတ်ကြီး

(င) ရှမ်းညီနောင်သုံးဦးဆိုသည်မှာ အသခ်ယာ၊ ရာဇသင်္ကြံနှင့် ---------- တို့ ဖြစ်ကြသည်။
**အဖြေ။** သီဟသူ

## (၃) အဖြေမှန် ရွေးချယ်ခြင်း လေ့ကျင့်ခန်း

❖ မေးခွန်းတစ်ခုမေးထားပြီး မေးခွန်းအောက်တွင် '(၁)၊ (၂)၊ (၃)' ဟူ၍ အဖြေသုံးခု ပေးထားပါသည်။ ဖြေဆိုသူက ယင်းအဖြေသုံးခုအနက် တစ်ခုကို ရွေးချယ်ပြီး "အဖြေမှန်" ဆိုသည့် ကွက်လပ်နေရာတွင် ဖြေပေးပါ။ ဖြေကြည့်ကြရအောင်။

(က) "ရွှေဖဝါးတော်အောက်" အစချီ ရတုသည် --------- အမျိုးအစား ဖြစ်သည်။
(၁) ဧကပိုဒ်
(၂) ပိုဒ်စုံ
(၃) အဖြည့်ခံ
**အဖြေမှန်။** (၂) ပိုဒ်စုံ

(ခ) ကာချင်းဟူသော ကဗျာအမျိုးအစားများကို သာမန်အနေဖြင့် -------- များဟု သတ်မှတ်နိုင်ပါသည်။
(၁) ကလေးချော့တေး
(၂) လွမ်းချင်း
(၃) စစ်ချီတေး
**အဖြေမှန်။** (၃) စစ်ချီတေး

(ဂ) မြန်မာ့ဂီတတွင် ရှိသော သာယာနာပျော်ဖွယ်တျာသံဖြင့် သီဆိုရသော တေးကဗျာမျိုးကို ------- ဟု ခေါ်ကြသည်။
(၁) ကာချင်း
(၂) တျာချင်း
(၃) ရတု
**အဖြေမှန်။** (၂) တျာချင်း

(ဃ) ပင်းယခေတ်သည် နှစ်ပေါင်း ------- ကာလ ကြာမြင့်ခဲ့သည်။
(၁) ၈၀ ကျော်
(၂) ၆၀ ကျော်
(၃) ၄၀ ကျော်
**အဖြေမှန်။** (၂) ၆၀ ကျော်



DBE BOX

(င) စတုရင်္ဂဗလ အမတ်ကြီးသည် ----------- ထံ ရတုဖြင့် လျှောက်ထားခဲ့သည်။
(၁) ငါးစီးရှင်ကျော်စွာ
(၂) ဆူးတွင်းပစ်ဆရာတော်
(၃) တစ်စီးရှင်သီဟသူ
**အဖြေမှန်။** (၂) ဆူးတွင်းပစ်ဆရာတော်

**လုပ်ငန်းစဉ် ၂**

**စစ်ဆေးအကဲဖြတ်ခြင်း**

(က) ပင်းယခေတ်မှာ ပေါ်ပေါက်ခဲ့တဲ့ ကဗျာအမျိုးအစားတွေကို ဖော်ပြပါ။

(ခ) ကာချင်းလို့ ဘာကြောင့်ခေါ်တာလဲ။

(ဂ) ကာချင်းစာဆိုတွေဟာ ဘယ်လို ရည်ရွယ်ချက်တွေနဲ့ ကာချင်းတွေကို ဖွဲ့စပ်ကြတာလဲ။

(ဃ) တျာချင်းလို့ ဘာကြောင့်ခေါ်တာလဲ။

(င) စတုရင်္ဂဗလအမတ်ကြီးဟာ ဘယ်လိုအကြောင်းကို ရတုဖွဲ့စပ်ခဲ့တာလဲ။

# အင်းဝခေတ်စာပေသမိုင်း

| | | |
|---|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – | **အင်းဝခေတ် စာပေသမိုင်း** |
| **ရည်ရွယ်ချက်** | – | **အင်းဝခေတ်တွင် ပေါ်ပေါက်ခဲ့သည့်စာဆိုများ၊ စာပေပုံသဏ္ဌာန်များနှင့် အင်းဝခေတ်အရေးအသား၊ အသုံးအနှုန်းများကို သိရှိစေရန်၊ ပြောပြတတ်ရန်** |
| **သင်ယူမှုရလဒ်** | – | **အင်းဝခေတ်တွင် ပေါ်ပေါက်ခဲ့သည့်စာဆိုများ၊ စာပေပုံသဏ္ဌာန်များနှင့် အင်းဝခေတ်အရေးအသား၊ အသုံးအနှုန်းများကို သိရှိလာမည်။** |
| **သင်ကြားနည်း** | – | **အမေးအဖြေနည်း၊ ဆွေးနွေးအဖြေရှာနည်း၊ ဉာဏ်ဖွင့်စဉ်းစားနည်း** |
| **သင်ထောက်ကူပစ္စည်း** | | **အင်းဝခေတ် မြန်မာစာပေနှင့် ပတ်သက်သော အချက်များကို မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ၊ သင်ကြားခဲ့ဖူးသော အင်းဝခေတ် စာပေများအနက် စာအချို့ကို ကောက်နုတ်မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ ခေတ်သုံးဝေါဟာရများကိုမှတ်တမ်းတင်ထားသော စာကတ်ပြားများ၊ ဇယားပုံစာချပ်များ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – | **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – | **၅ ချိန်၊ စာသင်ချိန် ၁ ချိန်၊ ၄၅ မိနစ်** |

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

❖ ခရစ်နှစ် ၁၃၆၄ ခုနှစ်မှာ အထက်တကောင်းမင်းရိုးဖြစ်သော သတိုးမင်းဖျားသည် စစ်သည်တော် အလုံးအရင်းနှင့် ရတနာပူရ အဝရွှေနန်းတော်ကို တည်ထောင်တော်မူခဲ့သည်ဟူ၍ သင်ခန်းစာကို အစပျိုးပါ။

❖ အင်းဝခေတ်တွင် ထွန်းကားခဲ့သော စာပေအမျိုးအစားများအနေဖြင့်လည်း တစ်ဖက်ပါဇယားအတိုင်း တွေ့ရကြောင်း ဇယားပုံစံအတိုင်း စာချပ်ဖြင့် မိတ်ဆက်ပါ။

DBEBOX

| စာပေ | အမျိုးအစား |
|---|---|
| စကားပြေ | "ကျောက်စာ၊ ရာဇဝင်ကျမ်း၊ ဝတ္ထု၊ မေတ္တာစာ" |
| ကဗျာ | "ပျို့၊ မော်ကွန်း၊ ချေင်း၊ တောလား၊ ရတု" |

❖ ခရစ်နှစ် ၁၃၆၄ ခုနှစ်မှ ခရစ်နှစ် ၁၅၂၆ ခုနှစ် အင်းဝပျက်သုဉ်းသောအချိန်ထိ နှစ်ပေါင်း ၁၆၀ ခန့် ကာလကို အင်းဝခေတ်ဟု သတ်မှတ်ကြကြောင်း မိတ်ဆက်ပါ။

**ရှင်းပြခြင်း**

❖ အင်းဝခေတ်သည် ခေတ်ကာလရှည်ကြာခြင်း၊ ငြိမ်းချမ်းသာယာခြင်း စသော အကြောင်းတရားများကြောင့် စာကောင်းပေကောင်း အများအပြားထွန်းကားခဲ့သော ခေတ်ဖြစ်ကြောင်းရှင်းပါ။

❖ စကားပြေများ ပေါ်ထွန်းခဲ့သော်လည်း ကဗျာအရေးအဖွဲ့ အားကောင်းလှသောကြောင့် ကဗျာခေတ်အဖြစ် ထင်ရှားကြောင်း ရှင်းပါ။

❖ စကားပြေအမျိုးအစားများအဖြစ် "ကျောက်စာ၊ ရာဇဝင်ကျမ်း၊ ဝတ္ထုနှင့် မေတ္တာစာ" တို့ကို တွေ့ရပြီး ကဗျာအမျိုးအစားများအဖြစ် "ရတု၊ ပျို့၊ မော်ကွန်း၊ ချေင်း၊ တောလား" စသည်တို့ ထွန်းကားခဲ့ကြောင်း ရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ဆရာက ကျောင်းသားအရေအတွက် အနည်းအများအပေါ် မူတည်ပြီး အုပ်စုဖွဲ့ပါ။ ထို့နောက် ကျောင်းသားများအား အင်းဝခေတ် မြန်မာစာပေသမိုင်းကို အုပ်စုလိုက်ဖတ်ပါစေ။

❖ အင်းဝခေတ်သည် မည်သည့်ကာလအပိုင်းအခြား ဖြစ်ကြောင်း၊ နှစ်ပေါင်းမည်မျှလောက်ကြာကြောင်းတို့ကို အုပ်စုလိုက် တိုင်ပင်ဆွေးနွေးခြင်း၊ အုပ်စုတစ်စုစီ၏ကိုယ်စား ကျောင်းသားတစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို တင်ပြခြင်းတို့ဖြင့် လေ့ကျင့်ပါ။ ဆွေးနွေးစဉ် ဆရာက အုပ်စုအလိုက် လှည့်လည် ကြီးကြပ်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ဘယ်ကာလအပိုင်းအခြားကို အင်းဝခေတ်လို့ ခေါ်သလဲ။

(၂) အင်းဝခေတ်ဟာ ပုဂံခေတ်၊ ပင်းယခေတ်တွေထက် စာပေအမျိုးအစား ပိုမိုစုံလင်လာရတဲ့ အကြောင်းကို အပြန်အလှန်ဆွေးနွေးပါ။



DBE BOX

(၃) အင်းဝခေတ်မှာ 'စကားပြေနဲ့ ကဗျာ' နှစ်မျိုးထဲက ဘယ်အမျိုးအစားက ပိုမိုထွန်းကားခဲ့သလဲ ပြောပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

❖ ပုဂံခေတ်နှင့် ပင်းယခေတ်တို့တွင် ကျောက်စာစကားပြေအကြောင်းကို လေ့လာခဲ့ပြီးဖြစ်သည်။ ယခုအခါ အင်းဝခေတ်မြန်မာစာပေတွင်တွေ့ရသော စကားပြေကဏ္ဍကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

| စာပေ | အမျိုးအစား | စာအမည် | စာဆိုအမည် |
|---|---|---|---|
| စကားပြေ | ကျောက်စာ | ရတနာစေတီ | |
| | | ရတနာဗိမာန် | |
| | ရာဇဝင်ကျမ်း | ရာဇဝင်ကျော် | ရှင်မဟာသီလဝံသ |
| | ဝတ္ထု | ပါရာယန | |
| | မေတ္တာစာ | ပင်းယစကြိုသူမြတ်က ရာဇာဓိရာဇ်ထံပေးသောမေတ္တာစာ | |
| | | ကန်တော်မင်းကျောင်း မဟာဓမ္မရာဇ်မင်းထံသွင်းသောမေတ္တာစာ | |

❖ ဇယားတွင်ပြထားသည့်အတိုင်း အင်းဝခေတ်တွင် ကျောက်စာများသာမက ရာဇဝင်ကျမ်း၊ ဝတ္ထုနှင့် မေတ္တာစာ စကားပြေအရေးအသားများကို လေ့လာရမည်ဖြစ်ကြောင်း စာကတ်ဖြင့် မိတ်ဆက်ပါ။

❖ ထို့ကြောင့် ပုဂံခေတ်နှင့် ပင်းယခေတ်တို့တွင် သင်ယူခဲ့သော ကျောက်စာစကားပြေများကို ပြန်ပြီး စဉ်းစားထားရန်ပြောကြားပြီး သင်ကြားခြင်းကို အစပျိုးပါ။

❖ ကျောက်စာစကားပြေသည် ပင်းယခေတ်စကားပြေ အစဉ်အလာကို ဆက်လက်ထိန်းသိမ်းထူထောင်ခဲ့သော သဘောရှိကြောင်း အစပျိုး မိတ်ဆက်ပါ။

DBEBOX

**ရှင်းပြခြင်း**

❖ အင်းဝခေတ်ကျောက်စာများမှာ စကားပြေသက်သက်သာမက လင်္ကာစကားပြေ နှစ်ထွေရောနေသော ကျောက်စာများ၊ ကဗျာလင်္ကာကျောက်စာများကိုလည်း တွေ့နိုင်ကြောင်းနှင့် ကဗျာလင်္ကာကျောက်စာများမှာ ရတနာစေတီကျောက်စာနှင့် ရတနာဗိမာန်ကျောက်စာတို့ ထင်ရှားကြောင်း ကျောင်းသုံးစာအုပ်ပါ သာဓကဖြင့် ရှင်းပါ။

❖ ခရစ်နှစ် ၁၅၀၂ ခုနှစ်မှာ ရှင်မဟာသီလဝံသ ရေးသားပြုစုခဲ့သော ရာဇဝင်ကျော်စကားပြေသည် တွေ့ရှိရသမျှ ရာဇဝင်ကျမ်းများတွင် အစောဆုံး ဖြစ်ကြောင်းနှင့် ရာဇဝံသမင်းတို့၏ အကြောင်းကို မှတ်တမ်းတင်ထားသောကြောင့် ရာဇဝင်ကျော်ဟုခေါ်ကြောင်း ရှင်းပါ။

❖ ရာဇဝင်ကျမ်းကိုပြုစုရာတွင် ဝါကျအတို၊ ဝါကျအရှည်များဖြင့် ပိုင်ပိုင်နိုင်နိုင်ရေးဖွဲ့ထားကြောင်း ကျောင်းသုံးစာအုပ်ပါ သာဓကများဖြင့် ရှင်းပါ။

❖ ရာဇဝင်ကျော်ကျမ်းတွင် မြန်မာမင်းဆက်များအကြောင်းထက် မဟာဝင်မင်းဆက်အကြောင်းကို ဖော်ပြထားကြောင်းနှင့် ရာဇဝင်ကျော်သည် ရာဇဝင်အချက်အလက်များအတွက်သာမက အင်းဝခေတ်စကားပြေ လေ့လာရေးအတွက်လည်း အကျိုးကျေးဇူးများသော ကျမ်းတစ်စောင်ဖြစ်ကြောင်း ရှင်းပါ။

❖ အင်းဝခေတ်တွင် ဝတ္ထုစကားပြေသည်လည်း စာပေအသစ်တစ်ရပ်အဖြစ် ပေါ်ထွက်ခဲ့ကြောင်း၊ ဝတ္ထုဆိုသည်မှာ လူ့သဘာဝ အဖြစ်အပျက်တို့ကို စိတ်ဝင်စားဖွယ် ရေးသားထားသောစာဖြစ်ကြောင်း ရှင်းပါ။

❖ အင်းဝခေတ် ရွှေနန်းကြော့ရှင်လက်ထက် ခရစ်နှစ် ၁၅၀၁ ခုနှစ်မှာ ရေးသားခဲ့သော "ပါရာယနဝတ္ထုစကားပြေ" သည် ရှင်မဟာသီလဝံသ၏ လက်ရာဖြစ်ကြောင်း၊ ပါရာယနဝတ္ထုတွင် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ လူယောကျ်ား၊ လူမိန်းမတို့အနက် နည်းမှီ စံပြုထိုက်သော အရိယာပုဂ္ဂိုလ်ရှစ်ဦးတို့၏ စိတ်ဝင်စားဖွယ်ဇာတ်လမ်းများ ပါဝင်ကြောင်း မြန်မာစာပေသမိုင်းကို ကိုးကား၍ ရှင်းပါ။

❖ ပါဠိဘာသာ ပါဠိစာပေနှင့် ရှိသော အကြောင်းအရာများကို အင်းဝခေတ် မြန်မာဘာသာ မြန်မာစာဖြင့် ပြန်လည်ရေးဖွဲ့ပြထားခြင်းမှာ အင်းဝခေတ် စာဖတ်ပရိသတ် နားလည်အောင် ဆရာတော်က မည်မျှအားထုတ်ခဲ့သည်ကို သင်ခန်းစာပါ သာဓကဖြင့် ရှင်းပါ။

❖ ပါရာယနဝတ္ထုသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို ပေးစွမ်းနိုင်သော ကျမ်းတစ်စောင်ဖြစ်ကြောင်း ဆရာက ရှင်းပါ။

- ကျောင်းသုံးစာအုပ်တွင်ပါသော "ပညာစကားပြေ"သည် ပါရာယနဝတ္ထုမှ ကောက်နုတ်ထားခြင်းဖြစ်သောကြောင့် သင်ခန်းစာနှင့်ချိတ်ဆက်ပြီး လေ့လာနိုင်ကြောင်း လမ်းညွှန်ပါ။
- အင်းဝခေတ်တွင် မေတ္တာစာများကိုလည်း စတင်တွေ့ရကြောင်း၊ မေတ္တာစာဆိုသည်မှာ "ပုဂ္ဂိုလ်တစ်ဦးက အခြားတစ်ဦးဆီကို ပေးပို့သော ပေးစာ" ဖြစ်ကြောင်းရှင်းပါ။
- စာပေးပို့ရာတွင် ပေးပို့ရန် ရည်ရွယ်ထားသောသူကို မေတ္တာရှေ့ထားပြီး ပေးပို့ခြင်းဖြစ်သောကြောင့် မေတ္တာစာဟုခေါ်ကြောင်း အတွေးဖွင့်ပေးပါ။
- ပင်းယစကြိုသူမြတ်၏ မေတ္တာစာသည် အင်းဝကိုစစ်ချီလာသော ရာဇာဓိရာဇ်ဆီသို့ ပေးသွင်းသော မေတ္တာစာဖြစ်ကြောင်း ရှင်းပါ။
- ကန်တော်မင်းကျောင်း ဆရာတော်၏ မေတ္တာစာမှာ ရွှေဂူဒါယကာ မဟာဓမ္မရာဇ်မင်းထံသွင်းသော မေတ္တာစာဖြစ်ကြောင်း၊ ရွှေဂူဒါယကာ မဟာဓမ္မရာဇ်ဆိုသည်မှာ ရွှေနန်းကြော့ရှင်ဖြစ်ကြောင်း ရှင်းပါ။
- ထိုမေတ္တာစာတွင် စကားဥပမာများ၊ လင်္ကာဟန်များနှင့် ရေးဖွဲ့ထားသော်လည်း "မမှည့်ဘဲကို မဆွတ်လင့်၊ မတင့်ဘဲကို မဝတ်လင့်၊ တိတ်တိတ်နေထောင်တန်၏။" ဟူ၍ စကားပြေသက်သက် အရေးအသားများလည်း ပါကြောင်း၊ ထိုသို့ လင်္ကာစကားပြေ နှစ်ထွေရောပြီး ရေးသားကာ ဥပမာအဖုံဖုံပြ ဆုံးမသွန်သင်ထားသည့်အတွက် ကျေးဇူးကြီးမားပြီး မှတ်သားဖွယ်ကောင်းလှကြောင်း လမ်းညွှန်ပါ။
- ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ စသောစာဆိုများကလည်း မေတ္တာစာများ ရေးဖွဲ့ကြကြောင်း ဆရာက ရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

- ဆရာက ကျောင်းသားအရေအတွက် အနည်းအများအပေါ်မူတည်ပြီး အုပ်စုဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအား အင်းဝခေတ် မြန်မာစာပေသမိုင်းကို အုပ်စုလိုက်ဖတ်ပါစေ။
- ထို့နောက် အုပ်စုလိုက်တိုင်ပင် ဆွေးနွေးခြင်း၊ အုပ်စုတစ်စုစီ၏ကိုယ်စား ကျောင်းသားတစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို တင်ပြခြင်းတို့ဖြင့် လေ့ကျင့်ပေးပါ။ ဆွေးနွေးစဉ် ဆရာက အုပ်စုအလိုက် လှည့်လည်ကြီးကြပ်ပါ။
- ဆရာက စာအမျိုးအစားနှင့် စာဆိုတို့ကို တွဲဖက်မှတ်သားနိုင်အောင် လေ့ကျင့်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) အင်းဝခေတ်မှာ ဘယ်လိုစကားပြေအမျိုးအစားတွေ ထွန်းကားခဲ့သလဲ။

(၂) အင်းဝခေတ်ကျောက်စာတွေမှာ စကားပြေသက်သက်သာမကဘဲ ဘယ်လိုအရေးအသားမျိုးတွေကိုပါ တွေ့ရသလဲ။

(၃) ကဗျာလင်္ကာတွေနဲ့ ရေးထိုးကြတဲ့ကျောက်စာတွေထဲမှာ ဘယ်ကျောက်စာတွေ ထင်ရှားသလဲ။

(၄) တွေ့ရှိရသမျှ ရာဇဝင်ကျမ်းတွေမှာ အစောဆုံးဖြစ်တဲ့ ရာဇဝင်ကျမ်းရဲ့အမည်ကို သင်သိပါသလား။ ပြောပြပါ။

(၅) ရာဇဝင်ကျော်စကားပြေဟာ ရာဇဝင်အချက်အလက်တွေအတွက်သာမဟုတ် ဘယ်သူတွေအတွက် အကျိုးကျေးဇူးများတဲ့ ကျမ်းတစ်စောင်ဖြစ်သလဲ။

(၆) အင်းဝခေတ်မှာ ပေါ်ပေါက်ခဲ့တဲ့ အစောဆုံးဝတ္ထု စကားပြေရဲ့အမည်ကို ပြောပြပါ။

(၇) ပါရာယနဝတ္ထုမှာ ဘယ်သူတွေရဲ့အကြောင်းအရာတွေကို အတုယူစရာဖြစ်အောင် ရေးဖွဲ့ထားတာလဲ။

(၈) အင်းဝခေတ် မေတ္တာစာတွေထဲက ဘယ်သူက ဘယ်သူ့ဆီကို ရေးသားပေးပို့တဲ့ မေတ္တာစာဟာ ထင်ရှားသလဲ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

❖ ပုဂံခေတ်တွင် လင်္ကာကဗျာများနှင့် ပင်းယခေတ်တွင် ကာချင်း၊ တျာချင်း၊ ရတု စသော ကဗျာအမျိုးအစားများကို လေ့လာခဲ့ကြပြီးဖြစ်ကြောင်း၊ ယခု အင်းဝခေတ်တွင် စတင်ပေါ်ထွန်းလာခဲ့သော ပျို့၊ တောလား စသော ကဗျာအမျိုးအစားများကို အောက်ပါဇယားအတိုင်း မိတ်ဆက်ပေးမည်ဟု နိဒါန်းပျိုးပါ။

| စာပေ | အမျိုးအစား | စာအမည် | စာဆိုအမည် |
|---|---|---|---|
| | | ပါရမီတော်ခန်း | ရှင်မဟာသီလဝံသ |
| ကဗျာ | | ဘူရိဒတ်လင်္ကာကြီး | ရှင်မဟာရဋ္ဌသာရ |
| | | ဘူရိဒတ်ဇာတ်ပေါင်းပျို့ | |
| | ပျို့ | ကိုးခန်းပျို့ | |
| | | ဂါထာခြောက်ဆယ်ပျို့ | ရှင်အုန်းညို |
| | | နေမိဘုံခန်းပျို့ | ရှင်အဂ္ဂသမာဓိ |
| | တောလား | ရှင်ဥတ္တမကျော်တောလား | ရှင်ဥတ္တမကျော် |

- ❖ အင်းဝခေတ်သည် “ပျို့” ခေတ်ဟု ခေါ်ရလောက်အောင် ပျို့စာပေ စတင်ထွန်းခဲ့သောခေတ် ဖြစ်ကြောင်း၊ ပျို့ဆိုသည်မှာ “ပိုဒ်ရေပေါင်းများစွာဖွဲ့ဆိုသော လေးလုံးစပ် လင်္ကာရှည်တစ်မျိုး” ဖြစ်ကြောင်း အစပျိုးမိတ်ဆက်ပါ။

**ရှင်းပြခြင်း**

- ❖ အင်းဝခေတ်သည် ကဗျာအဖွဲ့အားကောင်းသော ခေတ်ဖြစ်ရာ ကဗျာဖွဲ့သူများထဲတွင် ရဟန်း၊ မင်း၊ ယောက်ျား၊ မိန်းမဟူ၍ ပုဂ္ဂိုလ်အစုံအလင်တွေ့ရကြောင်း ပြောပါ။
- ❖ ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရဆရာတော်တို့သည် အင်းဝခေတ်တွင် အကျော်ကြားဆုံး ခေတ်ပြိုင်စာဆိုများဖြစ်ကြကြောင်း ရှင်းပါ။
- ❖ “ရှင်မဟာသီလဝံသ၏ စာများသည် လိပ်ရင်ဘတ်နှင့် တူသည်”၊ “ရှင်မဟာရဋ္ဌသာရ၏ စာများမှာမူ ထန်းတက်သမားရင်ဘတ်နှင့် တူသည်” ဟူ၍လည်း ဆိုမိန့်ကြကြောင်း ဆရာက သာဓက များနှင့်တကွ ရှင်းပါ။
- ❖ ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့မှာ “ပါရမီမသီနှင့်” ဟူ၍ ဆိုစမှတ်ပြုရလောက်အောင် လောကုတ္တရာရေးရာ ခဲရာခဲဆစ်များပါရှိကြောင်း စိတ်ဝင်စားမှုရှိလာရန် လမ်းပြပါ။
- ❖ ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီး၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ ကိုးခန်းပျို့ စသော ပျို့များ မှာလည်း ရှင်းလင်းပြေပြစ်သော အရေးအဖွဲ့များကို တွေ့ရကြောင်း၊ ထို့ပြင် လောကီအမှုကိစ္စ အကြောင်းအရာများကို အခြေခံပြီး ဖွဲ့ဆိုထားသော ရှင်မဟာရဋ္ဌသာရ၏ ရတု၊ တောလား စသော စာစုများကိုလည်း လူအများက နှစ်သက်ကြကြောင်း ပြောပါ။

DBE BOX

- ❖ ရှင်မဟာသီလဝံသသည် ပေလေးပင်ရှင်လေးပါး အပါအဝင်ဖြစ်ကြောင်း၊"ပေလေးပင် ရှင်လေးပါး" ဆိုသည်မှာ တောင်တွင်းကြီးတစ်ဝိုက်တွင် မြန်မာသက္ကရာဇ် ၈၀၀ ခန့်က ပေါ်ခဲ့သော တဘောင်စကားဖြစ်ပြီး ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသ၊ ရှင်အုန်းညိုနှင့် ရှင်ခေမာတို့ကို အကြောင်းပြု၍ ခေါ်ဆိုခြင်းဖြစ်ကြောင်း ရှင်းပါ။
- ❖ ရှင်ဥတ္တမကျော်သည် တောလားကဗျာနှင့် ကျော်ကြားခဲ့သော စာဆိုဖြစ်ကြောင်း၊ ရှင်အုန်းညိုသည် "ဂါထာခြောက်ဆယ်ပျို့" နှင့် ထင်ရှားခဲ့ကြောင်း၊ ရှင်ခေမာမှာ ပါဠိကျမ်းဂန်များ ရေးသားပြုစုခဲ့သည်ဟုသိရကြောင်းကို ရှင်းပြခြင်းဖြင့် စာဆိုတို့နှင့် မိတ်ဆက်ပါ။
- ❖ ရှင်အဂ္ဂသမာဓိသည်လည်း ပျို့စာပေရေးဖွဲ့သောနေရာတွင် ကျော်ကြားကြောင်း၊ ဆရာတော်၏ နေမိဘုံခန်းပျို့မှာ "ဘုံခန်းမစမ်းနှင့်"ဟု ဆိုစမှတ်ပြုရလောက်အောင် ခမ်းနားလှကြောင်း ရှင်းပါ။

### လုပ်ငန်းစဉ် ၂

### လေ့ကျင့်ခြင်း

- ❖ ဆရာက ကျောင်းသားများကို စာအမျိုးအစားနှင့် စာဆို လမ်းညွှန်ဇယားဖြင့် လေ့ကျင့်ပေးပါ။
- ❖ နှုတ်ဖြေမေးခွန်းဖြေဆိုရန် ဦးစွာ ကျောင်းသားများကို အရေအတွက်အနည်းအများ မူတည်ပြီး အုပ်စုဖွဲ့ပါ။
- ❖ နှုတ်ဖြေမေးခွန်းမေးသည့်အခါ အုပ်စုအားလုံးကို ဖြစ်စေ၊ အုပ်စုတစ်စုချင်းကိုဖြစ်စေ၊ တစ်ဦးချင်း အလိုက်ဖြစ်စေ မေးမြန်းပါ။ လိုအပ်သည့်အခါ ဆရာက ဖြည့်စွက်ပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

(၁) 'ပေလေးပင်ရှင်လေးပါး' ဆိုတဲ့ တဘောင်စကားဟာ ဘယ်သူတွေကို ရည်ညွှန်းတဲ့စကား ဖြစ်သလဲ။

(၂) အင်းဝခေတ်မှာ အကျော်ကြားဆုံး ခေတ်ပြိုင်စာဆိုနှစ်ဦးက ဘယ်သူတွေလဲ။

(၃) အင်းဝခေတ်မှာ ထင်ရှားတဲ့ ပျို့တွေထဲက ၃ ပုဒ်ရဲ့အမည်ကို ပြောပါ။

(၄) အင်းဝခေတ် စာဆိုတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ ဘုရင်တစ်ပါးရဲ့အမည်ကို ပြောပါ။

DBE BOX

## စာသင်ချိန် ၄

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

❖ ယခု စာသင်ချိန်တွင် အင်းဝခေတ်၌ စတင်ပေါ်ထွန်းလာခဲ့သော မော်ကွန်း၊ ဧချင်းနှင့် ရတု ကဗျာတို့ကို အောက်ပါဇယားအတိုင်း မိတ်ဆက်ပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

| စာပေ | အမျိုးအစား | စာအမည် | စာဆိုအမည် |
|---|---|---|---|
| ကဗျာ | တောလား | ရှင်ဥတ္တမကျော်တောလား | ရှင်ဥတ္တမကျော် |
| | မော်ကွန်း | ပြည်စုန်မော်ကွန်း | ရှင်ထွေးညို |
| | ဧချင်း | ရခိုင်မင်းသမီးဧချင်း | အဒူမင်းညို |
| | | သခင်ထွေးဧချင်း | ရှင်သူရဲ |
| | ရတု | ကိုယ်ရည်သွေးရတု | နန်းတွင်းမိဖြူ |
| | | ကိုယ်ရည်သွေးရတု | နန်းတွင်းမိညို |

❖ "ပုဂံခေတ်နှင့် ပင်းယခေတ်တွင် သင်ယူခဲ့သော ကဗျာများကို မှတ်မိပါသလား" ဟု မေးပါ။

**ရှင်းပြခြင်း**

❖ မော်ကွန်းဆိုသည်မှာ "မျက်မှောက်ခေတ်တွင် အရေးပါသော အဖြစ်အပျက်အပြုအမူတစ်ရပ်ကို သမိုင်းတွင်ရစ်အောင် မှတ်တမ်းတင် ရေးဖွဲ့ထားသောစာမျိုး" ဖြစ်ကြောင်း အစပျိုးခြင်းဖြင့် ရှင်းပါ။

❖ မော်ကွန်းကဗျာများထဲတွင် အစောဆုံး မော်ကွန်းတစ်စောင်ဖြစ်သော ရှင်ထွေးညို၏ "ပြည်စုန်မော်ကွန်း" သည်လည်း အင်းဝခေတ်၌ ပေါ်ထွန်းခဲ့ကြောင်းနှင့် ပြည်စုန်မော်ကွန်းသည် အင်းဝခေတ် ခရီးသွားမှတ်တမ်း တစ်စောင်သဖွယ် အရေးပါကြောင်း၊ သီဟသူမင်းကြီးသည် အင်းဝမှ ပြည်ကို စုန်တော်မူသောအခန်းကို ဖွဲ့ဆိုထားသော မော်ကွန်းဖြစ်ကြောင်း ရှင်းပါ။

❖ ဧချင်းဆိုသည်မှာ ဘုရင်၏ သားတော်သမီးတော်ကလေးများ ပုခက်ဇယင်ထက်မှာ အိပ်ပျော်အောင်၊ ဇာတိသွေးဇာတိမာန် တက်ကြွလာအောင် သီဆိုပေးရသော ကဗျာမျိုး" ဖြစ်ကြောင်း ရှင်းပါ။



DBE BOX

- အဒူမင်းညိုရေးခဲ့သော ရခိုင်မင်းသမီး ဧချင်းနှင့် ရှင်သူရဲရေးဖွဲ့ခဲ့သော သခင်ထွေးဧချင်းသည် အင်းဝခေတ် ဧချင်းစာပေလောကတွင် အထင်ရှားဆုံးဖြစ်ကြောင်းရှင်းပါ။
- ရခိုင်မင်းသမီးဧချင်းသည် တွေ့ရှိရသော ဧချင်းများထဲမှာ အစောဆုံးဖြစ်ကြောင်း ရှင်းပါ။
- ဧချင်းများတွင် ဘိုးတော်ဘေးတော် ခမည်းတော်များ၏ ဘုန်းတော် ဂုဏ်တော်များအကြောင်းကို ဇာတိမာန်ဖြစ်အောင် သီကျူးဖွဲ့ဆိုထားကြကြောင်း လမ်းညွှန်ပါ။
- အင်းဝခေတ်မှာ ဝံတောင်လယ် ဘုန်းတော်ကြီး၊ ရှင်တေဇောသာရ၊ ရှင်ဣန္ဒဂုတ္တစသော ရဟန်းတော်များသည်လည်း ကဗျာလင်္ကာများ ရေးဖွဲ့ခဲ့ကြကြောင်းရှင်းပါ။
- အင်းဝခေတ် လူပုဂ္ဂိုလ်စာဆိုများထဲတွင်  ဘုရင်တစ်ပါးဖြစ်သော ပထမမင်းခေါင်ကြီးသည်လည်း တစ်ဦးအပါအဝင်ဖြစ်ကြောင်း၊ ရတုကဗျာရေးဖွဲ့ခဲ့သည်ဟု သိရကြောင်းရှင်းပါ။
- အင်းဝခေတ်တွင် အမျိုးသမီးစာဆိုနှစ်ဦး ထင်ရှားခဲ့ကြောင်း၊ နန်းတွင်းသူ မိဖြူနှင့် မိညိုတို့ဖြစ်ကြောင်း၊ ထိုစာဆိုနှစ်ဦး၏ လက်ရာများအဖြစ် ကိုယ်ရည်သွေးရတုတစ်ပုဒ်စီ ကျန်ခဲ့ကြောင်း ပြောပါ။
- အင်းဝခေတ်၏ မြန်မာစာပေသမိုင်းကို ခြုံပြီးကြည့်မည်ဆိုပါက အင်းဝခေတ်သည် စာဆိုပုဂ္ဂိုလ်မျိုးစုံ၊ စာပေအမျိုးအစား မျိုးစုံပေါ်ပေါက်ထွန်းကားခဲ့သော ခေတ်ဖြစ်ကြောင်း၊ စကားပြေထက် ကဗျာအရေးအဖွဲ့များက ပိုပြီးအားသန်ခဲ့သော ခေတ်ဖြစ်ကြောင်း သုံးသပ်ပါ။
- ရဟန်းတော်များက ဦးဆောင်ခဲ့သော စာပေခေတ်လည်း ဖြစ်ကြောင်း၊ ပုဂံခေတ်၊ ပင်းယခေတ်များတွင် ပျိုးထောင်ပြုစုလာခဲ့သော မြန်မာစာပေသည် အင်းဝခေတ်မှာ ဝေဆာစည်ပင်လာပြီဟု ဆိုနိုင်သောခေတ်လည်းဖြစ်ကြောင်း ဆရာကရှင်းပါ။

**လုပ်ငန်းစဉ်  ၂**

**လေ့ကျင့်ခြင်း**

- ဆရာက ကျောင်းသားများကို စာပေအမျိုးအစားနှင့် စာဆိုလမ်းညွှန်ဇယားဖြင့် လေ့ကျင့်ပါ။
- နှုတ်ဖြေမေးခွန်းဖြေဆိုရန် ဦးစွာ ကျောင်းသားများကို အရေအတွက်အနည်းအများ မူတည်ပြီး အုပ်စုဖွဲ့ပါ။
- နှုတ်ဖြေမေးခွန်းမေးသည့်အခါ အုပ်စုအားလုံးကိုဖြစ်စေ၊ အုပ်စုတစ်စုချင်းကိုဖြစ်စေ၊ တစ်ဦးချင်းအလိုက်ဖြစ်စေ မေးပါ။ လိုအပ်သည့်အခါ ဆရာက ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) အင်းဝခေတ်မှာ ထွန်းကားလာခဲ့တဲ့ ကဗျာအမျိုးအစားတွေထဲက ၃ မျိုးရဲ့အမည်ကို ပြောပြပါ။

(၂) အင်းဝခေတ်မှာ အကျော်ကြားဆုံး ခေတ်ပြိုင်စာဆိုနှစ်ဦးက ဘယ်သူတွေလဲ။

(၃) အင်းဝခေတ်စာဆိုတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ ဘုရင်တစ်ပါးရဲ့အမည်ကိုပြောပြပါ။

(၄) တွေ့ရှိရတဲ့ ဧချင်းတွေထဲမှာ အစောဆုံးဖြစ်တဲ့ ဧချင်းရဲ့အမည်ကို ပြောပါ။

(၅) မော်ကွန်းကဗျာတွေထဲမှာ အစောဆုံးက ဘယ်မော်ကွန်းဖြစ်သလဲ။

(၆) အင်းဝခေတ်စာဆိုတွေထဲက အမျိုးသမီးစာဆိုနှစ်ဦးက ဘယ်သူတွေလဲ။

## စာသင်ချိန် ၅

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

### (၁) အမှား၊ အမှန်ရွေးချယ်ခြင်း လေ့ကျင့်ခန်း

❖ ပေးထားသည့် ဝါကျများတွင် အကြောင်းအရာအမှန်များပါသကဲ့သို့ အမှားများလည်း ပေးထားသည်။ ဖြေဆိုသည့်သူက မှန်လျှင် (✔) သည့်အကြောင်း၊ မှားလျှင်လည်း (✘) မှားသည့်အကြောင်း ဝိုက်ကွင်းထဲတွင် သင်္ကေတ ခြစ်ပေးရမည်ဖြစ်သည်။ ဖြေကြည့်ရအောင်။

(က) ရှင်မဟာရဋ္ဌသာရသည် ပါရာယနဝတ္ထုကို ရေးသားခဲ့သည်။ (✘)

(ခ) ရာဇဝင်ကျော်သည် အစောဆုံး စကားပြေကျမ်းတစ်စောင် ဖြစ်သည်။ (✔)

(ဂ) ရှင်ခေမာသည် ရာဇဝင်ကျော်ကျမ်းကို ရေးသားခဲ့သည်။ (✘)

(ဃ) အင်းဝခေတ်ကို ပျို့ခေတ်ဟု ခေါ်ကြသည်။ (✔)

(င) အင်းဝခေတ်တွင် ကဗျာထက် စကားပြေများက ပို၍ထွန်းကားကြောင်းတွေ့ရသည်။ (✘)

### (၂) ကွက်လပ်ဖြည့်ခြင်း လေ့ကျင့်ခန်း

❖ ပေးထားသည့် ဝါကျထဲတွင် အဓိကကျသောအကြောင်းအရာများကို ကွက်လပ်အနေဖြင့် ဖျောက်ထားပါသည်။ ဖြေဆိုသည့်သူက ပေးထားသောဝါကျကို အစအဆုံး ပြန်ကူးရန်မလိုပါ။ ကွက်လပ်ထဲတွင်ထည့်ရမည့် အဖြေမှန်စာသားကိုသာ ဖြေဆိုရမည့်နေရာတွင် ပီပီသသ ရေးသားပေးရန်လိုပါသည်။ စဉ်းစားပြီး ဖြေပါ။

(က) ရှင်မဟာသီလဝံသနှင့် ခေတ်ပြိုင်ဖြစ်သော စာဆိုတစ်ဦး၏အမည်မှာ ---------- ဖြစ်သည်။

**အဖြေ။** ရှင်မဟာရဋ္ဌသာရ

(ခ) ပေလေးပင် ရှင်လေးပါးဟု ဆိုစမှတ်ပြုခဲ့ကြသောစာဆိုတို့မှာ ----------- ဖြစ်ကြသည်။

**အဖြေ။** ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသ၊ ရှင်အုန်းညိုနှင့် ရှင်ခေမာတို့

(ဂ) ပါရာယနဝတ္ထုသည် အရိယာသူတော်စင် ---------- ၏ နည်းမှီစံပြုထိုက်သော အကြောင်းများကို ရေးသားထားသော ဝတ္ထုဖြစ်သည်။

**အဖြေ။** ၈ ဦး

(ဃ) ရှင်မဟာသီလဝံသသည် အင်းဝခေတ် စကားပြေလက်ရာကောင်းများအနေဖြင့် --------- နှင့် ----------- စကားပြေတို့ကို ရေးသားခဲ့သည်။

**အဖြေ။** ပါရာယနဝတ္ထုနှင့် ရာဇဝင်ကျော်

(င) 'ဘုံခန်းကလည်း မြောက်လွန်းသည်၊ ငရဲကလည်း ချောက်လွန်းသည်' ဟု အမှတ်အသားပြုရလောက်သော ပျို့စာဆိုရဲ့ အမည်မှာ ---------- ဖြစ်သည်။

**အဖြေ။** ရှင်အဂ္ဂသမာဓိ

**(၃) အဖြေမှန် ရွေးချယ်ခြင်း လေ့ကျင့်ခန်း**

❖ မေးခွန်းတစ်ခုမေးထားပြီး မေးခွန်းအောက်တွင် '(၁)၊ (၂)၊ (၃)' ဟူ၍ အဖြေသုံးခု ပေးထားပါသည်။ ဖြေဆိုသူက ယင်းအဖြေသုံးခုအနက် တစ်ခုကိုရွေးချယ်ပြီး "အဖြေမှန်" ဆိုသည့် ကွက်လပ်နေရာတွင် ဖြေပါ။

(က) "ပေလေးပင် ရှင်လေးပါး" ဟူသော တဘောင်စကားဖြင့် ထင်ရှားလာခဲ့သော ရဟန်းစာဆိုများမှာ ရှင်မဟာသီလဝံသ၊ ရှင်အုန်းညို၊ ရှင်ဥတ္တမကျော်နှင့် -------- တို့ ဖြစ်ကြသည်။

(၁) ရှင်မဟာရဋ္ဌသာရ

(၂) ရှင်ခေမာ

(၃) ရှင်အဂ္ဂသမာဓိ

**အဖြေမှန်။** (၂) ရှင်ခေမာ

(ခ) အင်းဝခေတ်စာဆို ရှင်ဥတ္တမကျော်သည် ------------- များကို ရေးသားခဲ့သည်ဟု သိရှိရသည်။

(၁) ပါဠိကျမ်းဂန်

(၂) တောလားကဗျာ

(၃) ပျို့ကဗျာ

**အဖြေမှန်။** (၂) တောလားကဗျာ

(ဂ) ဧချင်းကဗျာများထဲတွင် အစောဆုံးဖြစ်သော ရခိုင်မင်းသမီး ဧချင်းကို ရေးဖွဲ့ခဲ့သူမှာ ------- ဖြစ်သည်။

(၁) အဒူမင်းညို

(၂) ရှင်သူရဲ

(၃) ရှင်ထွေးနာသိမ်

**အဖြေမှန်။** (၁) အဒူမင်းညို

(ဃ) ဘုရင်၏ သားတော်သမီးတော်ကလေးများ ပုခက်ဇယင်ထက်တွင် အိပ်ပျော်အောင်၊ ဇာတိသွေး ဇာတိမာန်တက်ကြွအောင်သီဆိုပေးရသော ကဗျာအမျိုးအစားကို --------- ဟု ခေါ်သည်။

(၁) မော်ကွန်း

(၂) မေတ္တာစာ

(၃) ဧချင်း

**အဖြေမှန်။** (၃) ဧချင်း

(င) ပါရာယနဝတ္ထုကို ရေးသားသူမှာ -------- ဖြစ်သည်။

(၁) ရှင်မဟာရဋ္ဌသာရ

(၂) ရှင်ခေမာ

(၃) ရှင်မဟာသီလဝံသ

**အဖြေမှန်။** (၃) ရှင်မဟာသီလဝံသ

DBE BOX

**လုပ်ငန်းစဉ် ၂**

**စစ်ဆေးအကဲဖြတ်ခြင်း**

(က) မေတ္တာစာလို့ ဘာကြောင့်ခေါ်တာလဲ။

(ခ) အင်းဝခေတ်မှာ ဘယ်သူတွေရဲ့ မေတ္တာစာတွေက ထင်ရှားသလဲ။

(ဂ) ဧချင်းလို့ ဘာကြောင့်ခေါ်တာလဲ။

(ဃ) အင်းဝခေတ်အမျိုးသမီးစာဆိုနှစ်ဦးရဲ့အမည်ကို ဖော်ပြပါ။

(င) အစောဆုံး မော်ကွန်းရဲ့အမည်ကို ဖြေဆိုပါ။

**စာအညွှန်း**


၁။ ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၀)။ နှစ်တစ်ထောင်ခရီးကိုဖြတ်သန်းခဲ့ရသော ကျွန်ုပ်တို့၏မြန်မာစာ။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

၂။ ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၄)။ မြန်မာစာပေခရီး။ ရန်ကုန်၊ ရာပြည့်စာပေ။

၃။ ဇင်မင်း (သမိန်ထော)။ (၂၀၁၁)။ မြန်မာပြဇာတ်ရေစီးနှင့်ရှေ့ခရီး။ ရန်ကုန်၊ စာပေဗိမာန်။

၄။ ထွန်းရီ (ရွှေဟောင်းသုတေသန)။ (၂၀၀၉)။ စာပေရိပ်မြုံစာဆိုကြေးမုံ၊ သုတေသနမျိုးစုံကျမ်း။ ရန်ကုန်၊ မိဘဂုဏ်စာပေ။

၅။ ဖေမောင်တင်၊ **ဦး**။ (၂၀၁၃)။ မြန်မာစာပေသမိုင်း။ ရန်ကုန်၊ ရာပြည့်စာပေ။

၆။ မောင်မောင်တင်၊ **ဦး**။(၁၉၇၁)။ ပြဇာတ်နှင့်ပြဇာတ်စာပေ။ ရန်ကုန်၊ စာပေဗိမာန်။


DBE BOX